ပြည်မြို့

ဇောတိကာရုံ ပါဋ္ဌိတက္ကသိုလ်ကျောင်းတိုက်၌

ယာပိုထ်လေးလီ မျှညီရှင်ပြုံး သီတင်းသုံးတော်မူသော

အဂ္ဂမဟာပဏ္ဍိတ

ဇောတိကာရုံ

ဆရာတော်ဘုရားကြီး

ပြုစုအပ်သော

နဝဟာနဇောတဂကျမ်း



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ကောဇာ ၁၃၃၇ စက်တင်ဘာ ၁၉၇၅



၂၁၄၀ဂ

ပြည်မြို့

ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌

ယာပိုထ်လေးလံ မျည်ရှင်ပြုံး သီတင်းသုံးတော်မူသော

အဂ္ဂမဟာပဏ္ဍိတ

ဇောတိကာရုံ

ဆရာတော်ဘုရားကြီးသည်

ပါဠိတော် အဋ္ဌကထာ ဋီကာအရပ်ရပ်မှ ထုတ်နုတ်၍

တပည့် ဒါယကာများမှတ်သားကြည့်ရှုနိုင်ရန် မှတ်စုအလား

အကျဉ်းအားဖြင့် ရေးသားပြုစုအပ်သော

ဝိဇ္ဇာနဇောတိကကျမ်း

သာသနဓဇမဟာရထိယ ဝိနယပါဠိပါရဂူ

အရှင်ဩဘာသ ကြည့်ရှုပြင်ဆင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ကောဇာ ၁၃၁၃ စက်တင်ဘာ ၁၉၇၅



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သာသနာရေး
ဦးစီးဌာန ဗုဒ္ဓသာသနာအဲ့ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး
ဦးလှမောင် M.A., M.S., B.L (မှတ်ပုံတင်အမှတ် ၀၇၉၉/၀၅၂၂) က
ပုံနှိပ်ထုတ်ဝေသည်။

နိဗ္ဗာနဇောတိကကျမ်း

နိဒါန်း

"နိဗ္ဗာနဿ ပကတိယာ ဂန္ဓိရဘာဝတော
ဒုဒ္ဒသဘာဝဒီပနံ ဥဒါနံ ဥဒါနေသိ"—

စရိုက်များစွာ ပါဠိအဋ္ဌကထာတို့နှင့်အညီ နိဗ္ဗာန်ဟူသည် သဘောအားဖြင့် နက်နဲသည်၊ အလွန်နားလည်သိမ်မွေ့သော သဘော ရှိသည်၊ ထို့ကြောင့် ပါရမီသမ္ဘာရနည်းပါးကြသူတို့သည် ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား သိကို့ရာ ခက်ခဲလှသည်။

မြတ်စွာဘုရား၏ ဒေသနာတော်သည်လည်း—

(က) ဝေနေယျ သတ္တဝါတို့၏ အလိုအား လျော်စွာ ဝေါဟာရသို့လိုက်၍ ဝေါဟာရများစွာ ဟောတော်မူရာ ဖြစ်သော သုတ္တန် ပိဋကခေါ် **ဝေါဟာရဒေသနာ**,

(ခ) အာဏာတော်ကို ထား၍ အာဏာများစွာ ဟောတော်မူရာဖြစ်သော ဝိနည်းပိဋကခေါ် **အာဏာဒေသနာ**,

(၈) ပရမတ္ထသဘောတရားများကို များစွာ ဟောတော်မူရာဖြစ်သော အဘိဓမ္မာ ပိဋကခေါ် ပရမတ္ထဒေသနာ, ဟူ၍ သုံးမျိုးသုံးစားရှိသည်။

ယင်းသုံးမျိုးတို့တွင် သုတ္တန်ဒေသနာတော်ဖြင့် သာ နိဗ္ဗာန်၊ နိဗ္ဗာန်နှင့်စပ်သော တရားတော် စကားတော်များကို များစွာဟောတော်မူပါသည်၊ ဌင်းသုတ္တန်ဒေသနာဖြင့်လည်း ဝေါဟာရဒေသနာ ဖြစ်သည့် အားလျော်စွာ မုချဥပစာ၊ နီတတ္ထ နေယျတ္ထ စသော နည်းအမျိုးမျိုးတို့ဖြင့် သတ္တဝါ တို့၏ အလိုစရိုက် အကြောင်း ဥပနိဿယအား လျော်စွာ ဟောကြားတော်မူပြန်သည်။

ထိုသုတ္တန်ကိုဆောင်၍ တရားဓမ္မ ဟောကြား ပြသသော ပုဂ္ဂိုလ်များသည် မည်မျှပင် ဟောကြား ပါသော်လည်း ကံတခုနှင့်တခု, အကျိုးတမျိုးနှင့် တမျိုး, တရားတပါးနှင့်တပါး, ရုပ်နှင့်နာမ်အပိုင်း အခြားများကို နှောက်ယှက် ရှုပ်ထွေးစေလျက် ဟောတတ်ခြင်းကြောင့် ဓမ္မကထိကမမည်၊ အဘိ-ဓမ္မာဆောင် ပုဂ္ဂိုလ်များသည်သာ တရားဓမ္မ မဟောမပြသော်လည်း မေးမြန်းလာသောအခါ ဖြေလွှဲ့ဖြစ်ခြင်း, ဟောကြားခဲ့သော် ကံတခုနှင့်

တခု,အကျိုးတမျိုးနှင့်တမျိုး စသည်တို့ကို မနှောက်မယှက် မရှုပ်မထွေးစေမူ၍ ဟောနိုင်ခြင်း, ဟောတတ်ခြင်းကြောင့် ကောန္တဓမ္မကထိကမည်၏ ဟူ၍ ပါဠိတော် အဋ္ဌကထာတို့၌ ပြဆိုခြင်းကြောင့် သုတ္တန်ဒေသနာတော်သက်သက်ဖြင့် ယထာဘူတကျနမှန်ကန်စွာ မသိနိုင်ပါ၊ အဘိဓမ္မာဒေသနာတော်နှင့် နှိုးနှောရ၍ ယူတတ်မှသာလျှင် ယထာဘူတ ကျနမှန်ကန်စွာ သိနိုင်ပါသည်။

သုတ္တန် အဘိဓမ္မာ ဤနှစ်ဖြာတို့၌ မကျွမ်းကျင်မလိမ္မာဘဲ ဒေသနာနယ ဟူသမျှတို့၌ အဝါးမဝ, နည်းမရသော်သူတို့သည် ပရမတ္ထတရားလေးပါး တို့တွင် အရိယပုဂ္ဂိုလ်များသာ မျက်မှောက်ထင်ထင် သိမြင်အပ်သော အလွန်အကျူး အထူးသဖြင့် နူးညံ့သိမ်မွေ့ နက်နဲခက်ခဲလှသော အသန်တစောတ် ပရမတ်ဖြစ်သော နိဗ္ဗာန်ကို ယထာဘူတ ကျနမှန်ကန်စွာ မသိနိုင်ရကား—"ခန္ဓာကိုယ်တွင်း၌ပင် နိဗ္ဗာန်ရှိသည်ဟု ပြောသူပြော, ရုပ်ထူးနာမ်ထူး ပုဂ္ဂိုလ်ထူးတို့ ခံစံရာဟု ပြသူပြ, အဘာဝပင်ဟု ဆိုသူဆို, ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းခြင်းပင်ဟု ယူသူယူ, သူတမူ ငါတခြား ဝါဒတွေများလွန်း၍" ကွဲကွဲပြားပြား ခြားခြားနားနား မမှတ်သားနိုင်ပါ

နိဗ္ဗာနဇောတိကကျမ်း

သဖြင့် ကွဲပြားခြားနားစွာ မှတ်သားဘို့ရန် နိဗ္ဗာန်နှင့် နိဗ္ဗာန်၏သဘာဝ, နိဗ္ဗာန်ချမ်းသာစသည်များကို ရေးသား၍ ပေးသနားတော်မူပါဟု ဆရာတော်ဘုရားကြီးအား တပည့်များစွာ ဒါယကာတို့အခါခါ လျောက်ထားခြင်းကြောင့် ဆရာတော်ဘုရားကြီးသည် မိမိကိစ္စမှ ခေတ္တခဏအားလပ်ခွင့်ကိုယူ၍ ဖွဲ့စင်သောကရဏာ, ဖြောင့်မတ်သောစေတနာဖြင့် ပါဠိအဋ္ဌကထာဋီကာတို့နှင့် ညှိနှိုင်း၍ အသိုင်းအဝိုင်းမပါ အကျဉ်းအားဖြင့်သာ၍ "နိဗ္ဗာနဇောတိက" မည်သော ကျမ်းငယ်ကို ရေးသား၍ ပေးသနားတော်မူအပ်ပါသည်။

နိဗ္ဗာနဇောတိကမည်သောကျမ်းၦ နည်းများမဟူ ဆွတ်ယွင်းချက်များကိုတွေ့ရှိပါမူ ကြည်ဖြူသောစေတနာ ပွါးများသောမေတ္တာဖြင့် ပြင်ဆင်ပြုစုကြည့်ရှုမှတ်သားတော်မူကြပါကုန်။

ဦးကုဇ္ဇလာဘိဝံသ

သိရိပဝရမဟာစရိယ ပါဠိပါရဂူ
တိုက်အုပ်၊ ဇောတိကာရုံကျောင်းတိုက်
ပြည်မြို့။

ဓာတိကာ

အကြောင်းအရာ		စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ပဏာမစသည်	၇
၃။	အခြေခံညွှန်ကြားခြင်း	၁၀
၄။	နိရောဓခုနစ်မျိုး	၁၀
၅။	တဒင်္ဂနိရောဓ	၁၁
၆။	ဝိက္ခမ္ဘနနိရောဓ	၁၂
၇။	သမုစ္ဆေဒနိရောဓ	၁၂
၈။	ပဋိပဿဒ္ဓိနိရောဓ	၁၃
၉။	ဥပ္ပါဒခဏဘင်္ဂနိရောဓ	၁၄
၁၀။	အနုပ္ပါဒခဏဘင်္ဂနိရောဓ	၁၅
၁၁။	သညာဝေဒယိတနိရောဓ	၁၆
၁၂။	သစ္ဆနိရောဓ	၁၇
၁၃။	နိရောဓမျှားကို စိစစ်ဝေဘန်ခြင်း	၁၈
၁၄။	နိရောဓသဒ္ဒါ နှစ်ဖြာ ခြားနားခြင်း	၂၃
၁၅။	ဒေသနာတော်၏ ဆန်းကြယ်ခြင်း	၂၇

အကြောင်းအရာ		စာမျက်နှာ
၁၆။	နိဗ္ဗာန်မည်ကြောင်းနှင့် ပရိနိဗ္ဗာန်	၃၂
၁၇။	နိဗ္ဗာန်၏ သဘာဝ သဒ္ဒါပ	၃၄
၁၈။	နိဗ္ဗာန်ရောက်ကြောင်းတရား	၃၅
၁၉။	နိဗ္ဗာန်သို့ ရောက်ခြင်းနှင့် ရောက်ရာ ကာလ	၄၅
၂၀။	နိဗ္ဗာန်ချမ်းသာ	၄၈
၂၁။	နိဗ္ဗာန်ဝါဒ အမျိုးမျိုး	၅၆
၂၂။	နိဗ္ဗာန်ဝါဒများကို စိစစ်ခြင်း	၅၇
၂၃။	ကျက်မှတ်ဆောင်ထားရန်	၅၈
၂၄။	နိဂုံးစသည်	၆၁

နိဗ္ဗာနဇောတိကကျမ်း

ပဏာမ

၁။ ပစ္စက္ခကတနိဗ္ဗာနံ၊
သစ္ဆိကာတဗ္ဗဒေသကံ။
ဗုဒ္ဓံ မေ္မဉ္ဇ ပူဇေယျံ၊
နတ္ထာ သံဃဉ္ဇ ဥတ္တမံ။

၂။ ပုညနာမံ မဟာထေရံ၊
အဂ္ဂါဒိဂုဏမဏ္ဍိတံ။
ဝန္ဒိတ္ထာ မေ ဂုရုံ ဓီရံ၊
ကဿံ နိဗ္ဗာနဇောတိကန္တိ။

၁။ အဟံ၊ ခန္ဓာငါးဖြာ ယုတ်လှစ္ဆာကို ငါဟု သမုတ် အကျွန်ုပ်သည်။ ပစ္စက္ခကတနိဗ္ဗာနံ၊ ပရမတ်မှန် မြတ်နိဗ္ဗာန်ကို ဧကန်ဆတ်ဆတ် မျက်မှောက်ပြုတော်မူတတ်ထသော။ သစ္ဆိကာတဗ္ဗဒေသကံ၊ နိဗ္ဗာန်မည်ရ သဘာဝကား နေလထံပါး ဒုံးဖြင့် သွားလည်း ထံပါးမရောက် ကျိုးမမြောက်သို့ မိုးအောက်တလျှိး ယာဉ်မျိုးမျိုးဖြင့် သွားကျိုးမမြောက် သွားမရောက်သည့် မျက်မှောက်ပြုအပ်

သော တရားသာဟူ၍ဟောတော်မူတတ်ထသော။ ဗုဒ္ဓံ၊ ဥယျဉ်းတန် တရားမှန်ကို ရွှေဉာဏ်စက္ခု သဗ္ဗညုဖြင့် ကြည့်ရှုထင်ထင် သိမြင်ပေတတ် ဘုရားမြတ်ကို။ နတ္ထာ နမာမိ၊ သဒ္ဓါမြတ်နိုး တည်ဉါးမျိုးဖြင့် ရှိခိုးပါ၏။ နတ္ထာ၊ သဒ္ဓါမြတ်နိုး တည်ဉါးမျိုးဖြင့် ရှိခိုးပြီး၍။ ပူဇေယျံ၊ သုံးလူတို့ဘ မြတ်ဗုဒ္ဓပင် ဂေါစရ,ဘာဝနာဉာနစ်ဖြာဖြင့် ခါခါမပြတ် ပူဇော်အပ်သော။ (ကောယျ-ပစ္စည်း)-ဓမ္မဥ္စ၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ နတ္ထာ-နမာမိ၊ သဒ္ဓါဖြိုးဖြိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ နတ္ထာ၊ သဒ္ဓါဖြိုးဖြိုး လက်အုပ်မိုးလျက် ရှိခိုးပြီး၍။ ဥတ္တမံ၊ အဝိဇ္ဇာယုတ် တောမှောင်အုပ်ကို ပယ်နုတ်ပြီး, ပယ်နုတ်လတ္တံ့ ဖြစ်တော်မူသော။ သံဃဉ္စ၊ သီလဝန္တံ့ ပုထုဇန်နှင့် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာ ရဟန်းတော် သံဃာတော်မြတ်ကိုလည်း။ နတ္ထာ-နမာမိ၊ ရိုသေဝပ်လျိုး မာန်ချိုချိုးလျက် မြတ်နိုးကြည်သာ ရှိခိုးပါ၏။ နတ္ထာ၊ ရိုသေဝပ်လျိုး မာန်ချိုချိုးလျက် မြတ်နိုးကြည်နူး ရှိခိုးဦး၍။

၂။ ပုညနာမံ၊ ဘုန်းဂုဏ် ကံဂုဏ်, ဉာဏ်အဟုန်ကြောင့် ဖုံဖုံများစွာ မြို့ရပ်ရွာ၌ ပုညာဘိဓေ

မြတ်ထေရဟု နေလနှယ်ပေါ် အမည်တော်လည်း ရှိတော်မူထသော။ မဟာထေရ်၊ ရှစ်ဆယ်မှကျိ ရှစ်နှစ်လွန်၍ ထေရ်မှန်ကြီးလည်း ဖြစ်တော်မူထသော။ အဂ္ဂါဒိဂုဏာမလ္လိတံ၊ အဂ္ဂမဟာ, သြဝါဒါနှင့်, ဂန္ဆကာရက, ဂုဏ်ပေါင်းခကြောင့် နွယ်ထမယုတ် များသမုတ်သည့် ဂိုဏ်းချုပ်စစ္စာ ဂုဏ်ဖြာဖြာတို့ဖြင့် တန်းဆာဆင်အပ်တော်မူထသော။ ဓီရ်၊ မြင့်မိုရ်တမျှ တည်တံ့လှသည့် သီလသမာ, မြတ်ပညာလည်း ရှိတော်မူထသော။ မေ မမ၊ ပညာချိုနှံ့ ခါခါစိုလည်း မပျို့မဝ နည်းငယ်မျှသာ ရရှိပါသော ခန္ဓာနာမ်ရုပ် အကျွန်ုပ်၏။ ဂုရုံ စ၊ ကျေးဇူးတော်ဂုဏ် ဆပ်မကုန်အောင် လွှမ်းခြုံပေတတ် ဆရာမြတ်ကိုလည်း။ နတ္ထာ-နမာမိ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ခါခါဝပ်လျှိုးလက်အုပ်မိုး၍ ရှိခိုးပါ၏။ နတ္ထာ၊ ခါခါဝပ်လျှိုးလက်အုပ်မိုးလျက် ရှိခိုးပြီး၍။ နိဗ္ဗာနဇောတိကံ၊ အတိဂမ္ဘီရ ဒုဒ္ဒသဟု မိန့်ဟထုတ်ပြန် မြတ်နိဗ္ဗာန်ကို အမှန်ဆတ်ဆတ်ထွန်းပြတတ်သောကြောင့် နိဗ္ဗာန-ဇောတိကအမည်ရှိသောကျမ်းကို။ကသိံ၊ကရုပုဗ္ဗင်သမ္ဗဇဉ်ဖြင့် စီရင်ပြုစုပါတော့အံ့သတည်း။ ဤတိ၊ ဤသည်လျှင် ရတနတ္တယ ပဏာမစသည်ကို ဆိုရာစကားတရပ် အပြီးသတ်တည်း။

အခြေခံ ညွှန်ကြားခြင်း

ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်များနှင့်တကွ ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့သည် အလိုရှိအပ်တောင့်တ အပ်သော နိဗ္ဗာန်ဟူသည် သစ္စာလေးပါး အမှန်တရားတို့တွင် နိရောဓသစ္စာ အမှန်တရား ဖြစ်ခြင်းကြောင့် ယင်းနိရောဓသစ္စာ အမှန်တရားဖြစ်သော နိဗ္ဗာန်၏ သဘောလက္ခဏာ အဖြာဖြာကို သိမြင်လိုကြသော အမျိုးကောင်းသားတို့သည် ရှေးဦးစွာ နိရောဓအမျိုးမျိုးတို့ကို သိမြင် ပိုင်နိုင်အောင် လေ့လာကြိုးကုတ် အားထုတ်ပြီးမှ နိရောဓသစ္စာမှန်, မြတ်နိဗ္ဗာန်ကို ဝေဘန်ပိုင်းခြား မှတ်သားကြကုန်ရာသည်။

နိရောဓ ခုနစ်မျိုး

နိရောဓဟူသည်—

(၁) တဒင်္ဂနိရောဓ
(၂) ဝိက္ခမ္ဘနနိရောဓ
(၃) သမုစ္ဆေဒနိရောဓ
(၄) ပဋိပဿဒ္ဓိနိရောဓ
(၅) ခဏဘင်္ဂနိရောဓ
(၆) သညာဝေဒယိတနိရောဓ
(၇) သစ္စနိရောဓ—

ဟူ၍ အချုပ်အချာအားဖြင့် ခုနစ်ပါးရှိသည်၊ ထို ခုနစ်ပါးတို့တွင် ခဏဘင်္ဂနိရောဓသည် ဥပ္ပါဒ-ခဏဘင်္ဂနိရောဓ, အနုပ္ပါဒခဏဘင်္ဂနိရောဓ ဟူ၍ သတ္တိအားဖြင့် နှစ်ပါးဖြစ်လာသည်၊ ထို့ကြောင့် နိရောဓရှစ်ပါး သိဘွယ်များ ဖြစ်လာသည်။

၁။ တဒင်္ဂနိရောဓ[၁]

ထိုရှစ်ပါးတို့တွင် ထိုထို ကာမကုသိုလ်တည်းဟူသော အကြောင်းအစိပ်ဖြစ်ခိုက် ထိုထိုအကုသိုလ်တရားတို့၏ မဖြစ်ဘဲ ငြိမ်းချုပ်၍ နေခြင်းသည် "တဒင်္ဂ၊ ထိုထိုကာမကုသိုလ်တည်းဟူသော အစိပ်အကြောင်းကြောင့်။ နိရောဓ၊ ထိုထိုအကုသိုလ်တို့၏ ငြိမ်းချုပ်ခြင်း ဖြစ်သောကြောင့်" တဒင်္ဂနိရောဓမည်သည်။

ဥပမာ—လျှပ်စစ်လက်ခိုက် အမိုက်မှောင် ကင်းပျောက်သကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။လျှပ်စစ်လက်က အမှောင်ပသို့ ကာမကုသိုလ် ပယ်ခွင်းဖြို့ကြောင့် ဘို့ထိုပါပငြိမ်းချုပ်ရခေါ်ကြတဒင်္ဂနိရောဓတည်း။

၁။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ-၁၂၁။

၂။ ဝိက္ခမ္ဘနနိရောဓ[၁]

ဈာန်ရပုဂ္ဂိုလ်များ၌ ဈာန်စိတ်တကြိမ် ဖြစ်ပြီးသည်မှစ၍ ဈာန်မှမလျှောမကျမခြင်း နီဝရဏတရားတို့၏မဖြစ်ဘဲ ခွါရှဲ၍နေခြင်းသည် "ဝိက္ခမ္ဘန၊ ခွါသောအားဖြင့်။ နိရောဓ၊ ချုပ်ငြိမ်းခြင်းကြောင့်" ဝိက္ခမ္ဘနနိရောဓ မည်သည်။

ဥပမာ—ရေကန်၌ရှိသော မှော်များကို အိုးဖြင့် ဖယ်ရှားပုတ်ခတ်လိုက်သည်ရှိသော်ပုတ်ခတ်ခြင်း၏ အဟုန်မကုန်သေးသမျှ မှော်များခွါရှဲ၍ နေဘိသကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။အိုးဖြင့်ဖယ်ရှား မှော်ခွါသွားသို့ ဈာန်များဖြစ်က နီဝရဏတို့ ခွါကြသောအား ချုပ်ငြိမ်းငြား မှတ်သားဝိက္ခမ္ဘန နိရောဓ တည်း။

၃။ သမုစ္ဆေဒနိရောဓ[၂]

မဂ္ဂဌာန်ပုဂ္ဂိုလ်များ၌ မဂ်စိတ်ဖြစ်ခိုက် မဂ်လေးပါးတို့၏ အသီးအသီးသော အစွမ်းသတ္တိအရှိန်

၁။ ပဋိသမ္ဘိဒါမဂ္ဂဌကထာ၊ ဒုတိယတွဲ၊ နှာ-၅၃။

၂။ ပဋိသမ္ဘိဒါမဂ္ဂဌကထာ၊ ဒုတိယတွဲ၊ နှာ-၁၂၁။

အစော် အာနန္ဒာကြောင့် ထိုက်သည် အား လျော်စွာ အနုသယတို့၏ နောင်တဖန်မဖြစ်နိုင်ဘဲ အမြစ်အရင်း အကြွင်းမရှိ ကင်းပြတ်ချုပ်ငြိမ်း ရုပ် သိမ်းခြင်းသည် "သမုဒ္ဆေဒ၊ အကြွင်းမဲ့ဖြတ်သော အားဖြင့်။ နိရောဓ၊ချုပ်ငြိမ်းခြင်းကြောင့်" သမုဒ္ဆေဒ နိရောဓမည်သည်။

ဥပမာ—မိုးကြိုးကျရာဖြစ်သော သစ်ပင်ကြီး ငယ် အသွယ်သွယ်တို့သည် တကြိမ်တည်း၌ပင် နောင်တဖန် စည်ပင်ပေါက်ရောက်ခြင်း မရှိဘဲ အမြစ်အရင်းနှင့်တကွ သေကျေ ပျက်စီးခြင်းကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။မိုးကြိုးကျက ပင်ရက္ခတို့ မြစ်မျှမကျန် ပျက်စီးဟန်သို့ မဂ်ဉာဏ်ဖြစ်က နုသယ တို့ ပျက်ကြခလခြင်း ချုပ်ငြိမ်းခြင်း သည် မယွင်းသမုဒ္ဆေဒနိရောဓတည်း။

၄။ ပဋိပဿဒ္ဓိနိရောဓ[၁]

ဖလဋ္ဌာန်ပုဂ္ဂိုလ်များ၌ ဖိုလ်စိတ်၏အရှိန်အစော် အာနန္ဒာကြောင့် ကိလေသာတို့၏ အခိုးအငွေ့ များ ထပ်မံချုပ်ငြိမ်းရုပ်သိမ်းခြင်းသည် "ပဋိပဿဒ္ဓိ၊

၁။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ်-၅၃။

ငြိမ်းသောအားဖြင့်။ နိရောဓ၊ချုပ်ငြိမ်းခြင်းကြောင့်” ပဋိပဿဒ္ဓိနိရောဓမည်သည်။

ဥပမာအားဖြင့်–မီးလောင်ပြင်ကို ရေဖြင့်ထပ်မံ လောင်းသတ်က မီး၏အခိုးအငွေ့ အရှိန်အစော်ကင်း၍ အေးမြခြင်းသို့ရောက်သကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။မီးလောင်ပြင်ကို သန့်စင်ဇလာ ဖြန်းလောင်းပါက ရှိန်ဝါပူငွေ့ မြူမတွေ့သို့ မဂ်ရေ့နောက်ပေ ဖိုလ်များရေကြောင့် ကိလေပူငွေ့ မြူမတွေ့ မရှေ့ ပဋိပဿဒ္ဓိ-နိရောဓတည်း။

၅။ ဥပ္ပါဒခဏဘင်္ဂနိရောဓ[၁]

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ စုတ်စိတ်တော်မှ တပါးသော အလုံးစုံသော စိတ်တို့၏ ဘင်ခဏ၌ နောက်နောက်သော စိတ်တို့၏ဖြစ်ပေါ်လာရန် အနန္တရ သမနန္တရ နတ္ထိ ဝိဂတ စသော သတ္တိတို့ဖြင့် ကျေးဇူးပြုလျက် ချုပ်ငြိမ်းခြင်းသည် “ဥပ္ပါဒ၊ နောက်စိတ်များ ဖြစ်ပေါ်လာရန် ကျေးဇူးပြုလျက်။ ခဏ၊ ခဏငယ်သုံးပါးတို့တွင်။ ဘင်္ဂ၊

၁။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ပဌမတွဲ၊ နှာ-၂၈၄။

ဘင်ခဏဘင်္ဂ။ နိရောဓ၊ ချုပ်ငြိမ်းခြင်းကြောင့်"ဥပ္ပါဒ-ခဏဘင်္ဂနာမ်ရောဓမည်သည်။

ဥပမာအားဖြင့်—စကြာမင်းနတ်ရွာစံခြင်းသည် သားကြီးဥပရာဇာ မင်းဖြစ်ရန် ကျေးဇူးပြုသကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။စကြာမင်းဖျား နတ်ရွာလားက သား မောင်အသော့ မင်းဖြစ်တော့ဟု ဆို သော့ အလား နောက် စိတ်များ၏ ပေါက်ဖွားလာဘို့ ရွှေစိတ်တို့၏ ချို့ချို့ ယွင်းယွင်း ချုပ်ပျက်ခြင်းသည် ထင် လင်း ဥပ္ပါဒခဏ ဘင်္ဂနိရောဓ တည်း။

၆။ အနုပ္ပါဒခဏဘင်္ဂနိရောဓ

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ စုတိစိတ် တော်၏ဘင်ခဏဘင်္ဂ နောက်နောက်သောစိတ်များ ဖြစ်ပေါ်လာရန် အနန္တရ သမနန္တရ နတ္ထိ ဥဂတ စသော သတ္တိတို့ဖြင့် ကျေးဇူးမပြုဘဲ မိမိ၏ အကြောင်းကုန်၍သာ ချုပ်ငြိမ်းခြင်းသည် "အနုပ္ပါဒ၊ နောက်စိတ်များ ဖြစ်ပေါ်လာရန် ကျေးဇူးပြုဘဲ။ ခဏ၊ ခဏငယ်သုံးပါးတို့တွင်။ ဘင်္ဂ၊ ဘင်ခဏဘင်္ဂ။

နိုရောဓ၊ ချုပ်ငြိမ်းခြင်းကြောင့်" အနုပ္ပါဒခဏဘင်္ဂ-နိရောဓမည်သည်။

ဥပမာအားဖြင့် – မီးစာနှင့်ဆီကုန်၍ မီး၏ ငြိမ်းခြင်းသည် မည်သည့် အရာဝတ္ထုကိုမျှ ဖြစ်ပေါ်လာရန် ကျေးဇူးမပြုဘဲ မိမိ၏ အကြောင်းကုန်၍သာ ငြိမ်းဘိသကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။ဆီနှင့်မီးစာ ကုန်ခဲ့ရာကြောင့် လျင်စွာ ငြိမ်းပေ မီးအနေသို့ ကံလေကမ္မ ဒွေ-ဝဋ္ဋတို့ ကုန်ကြတုံလျှင်း ချုပ်ငြိမ်းခြင်း သည် မယွင်းအနုပ္ပါဒခဏဘင်္ဂနိရောဓ တည်း။

၇။ သညာဝေဒယိတနိရောဓ[1]

သမာပတ်ရှစ်ပါးကို ရပြီးသော ကာမ ရူပ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များ၌ နိရောဓသမာပတ်သို့ ရောက်ရန် ဈာန်ဝင်စားနည်း အမျိုးမျိုးတို့ဖြင့် ဝင်စားခြင်းကြောင့် ကာမဘုံ၌ ခုနစ်ရက်, ရူပဘုံ၌ အလိုရှိသမျှ စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ဘဲ ချုပ်ငြိမ်း ရပ်သိမ်းနေခြင်းသည် "သညာဝေဒယိတ၊ သညာ,ဝေဒနာ အဦးရှိသော

၁။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ပဌမတွဲ၊ နှာ-၂၀၄။

စိတ်စေတသိက် စိတ္တဇရုပ်တို့၏။ နိရောဓ၊ မဖြစ်ဘဲ ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကြောင့်" သညာဝေဒယိတ-နိရောဓမည်သည်။

ဥပမာအားဖြင့်–ယခုခေတ်မေ့ဆေးပေးကြရာ၌ မေ့ဆေး၏ အစွမ်းသတ္တိအားလျော်စွာ ဆရာဝန် အလိုရှိသမျှ မေ့မြောရှိ နေဘိသကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။ဈာန်ရနာဂါမ် အရဟံတို့ ဈာန်အာနုဘော် ရှိန်အစော်ကြောင့် နှစ်ဖော်စိတ်စေ, စိတ္တဇေ၏ ကာမေသတ္တ ဘုံရူပ၌ လိုသမျှ မငြင်း ချုပ်ငြိမ်းခြင်းသည် မယွင်း သညာ ဝေဒယိတ နိရောဓ တည်း။

၈။ သစ္စနိရောဓ

သစ္စနိရောဓဟူသည် ပရမတ်လေးပါးတို့တွင် စိတ် စေတသိက် ရုပ် ပရမတ်တို့သည် မိမိ,မိမိတို့၏ သဘောလက္ခဏာအားဖြင့် အသီးအသီး သာသနာတွင်း သာသနာပ ဘယ်ကာလ၌မဆို အဟုတ်အမှန် ဧကန်စင်စစ် ရှိနေကြဘိသကဲ့သို့ ထို့အတူ မိမိ၏ ငြိမ်းအေးခြင်းဟူသော သန္တိသဘောအားဖြင့် အသီးအခြား သာသနာတွင်း သာသနာပ ဘယ်ကာလ၌မဆို အဟုတ်အမှန် ဧကန်စင်စစ်

ရှိနေသော ရွှေသုံးပါးတို့နှင့် မရောမယှက် သက်သက်သော အသခ်ံတဓာတ် ပရမတ် တမျိုးသည် "သစ္စ၊ မှန်ကန်တိမတ်သော။ နိရောဓ၊ အနုသယ ကိလေသာတို့၏ ချုပ်ငြိမ်းကြောင်း ဖြစ်သော ကြောင့်"သစ္စနိရောဓမည်သည်။

ဥပမာအားဖြင့် — အစွမ်းသတ္တိ ထက်မြက်လှသော ဆေးဝါးမန္တရားသည် ကြီးကျယ်ပြင်းပြလှသော ရောဂါဝေဒနာအဖြာဖြာတို့၏ ကင်းပျောက်ပျက်စီးကြောင်း ဖြစ်ဘိသကဲ့သို့ မှတ်အပ်၏။

ဆောင်။ ။စိတ်စေရုပ်များ သဘောအားဖြင့် သီးခြားတုံလျက် စဉ်အဆက်ဖြင့် ပျက်ကာ, ဖြစ်ကာ ရှိနေပါသို့ ပမာထိုနဲ ဖြစ်ပျက်စဲလျက် အမြဲမကွာ ရှိနေပါ၍ ဘယ်ခါမဆို သူထိုထိုတို့ မဂ်,ဖိုလ်ရက ပစ္စက္ခဖြင့် အနုသယပေါင်း ချုပ်ငြိမ်းကြောင်းသည် မှတ်ကြောင်းသစ္စ-နိရောဓမည်သတည်း။

နိရောဓများကို စိစစ်ဝေဘန်ခြင်း

၏ နိရောဓအမျိုးမျိုးတို့တွင် အဘယ်နိရောဓသည် သူတော်ကောင်းတို့ လိုလားတောင့်တအပ်

သော နိရောဓသစ္စာ နိဗ္ဗာန်မည်ပါသနည်းဟူမူ-
တဒင်္ဂနိရောဓသည် ကာမကုသိုလ်ကြောင့် အကု-
သိုလ်တရားတို့၏ တခဏမျှမဖြစ်ခြင်းသာဖြစ်သည်၊
နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်ပါ။ ဝိက္ခမ္ဘနနိရောဓ
သည်လည်း ဈာန်တရားကြောင့် နီဝရဏတို့၏
ခေတ္တခဏ ခွါရှဲခြင်းမျှသာ၊ နိရောဓသစ္စာနိဗ္ဗာန်
မဟုတ်ပါ။သမုစ္ဆေဒနိရောဓသည်လည်းမဂ်ကြောင့်
အနုသယတို့၏ အမြစ်ပြတ်ကင်း မဖြစ်ခြင်းသာ ဖြစ်
သည်၊ နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်ပါ။ ပဋိပဿဒ္ဓိ-
နိရောဓသည်လည်း ဖိုလ်စိတ်ကြောင့် ကိလေသာ
အခိုးအငွေ့ငြိမ်းအေးခြင်းမျှသာဖြစ်သည်၊ နိရောဓ
သစ္စာ နိဗ္ဗာန်မဟုတ်ပါ။ ဥပ္ပါဒခဏဘင်္ဂနိရောဓ-
သည် ဝင့်မြစ်မပြတ်သေးသူတို့၏ စိတ်စေတသိက်
ရုပ်တို့၏ ဘင်ခဏ၌ ချုပ်ခြင်းမျှသာ၊ နိရောဓသစ္စာ
နိဗ္ဗာန်မဟုတ်ပါ။ အနုပ္ပါဒခဏဘင်္ဂနိရောဓသည်
ဝင့်မြစ်ပြတ်ပြီးသူတို့၏ စုတိစိတ်၏ ဘင်ခဏ၌
ချုပ်ခြင်းမျှသာ၊ နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်ပါ။
သညာဝေဒယိတနိရောဓသည် သမာပတ်၏အစွမ်း
ကြောင့် စိတ်စေတသိက် စိတ္တဇရုပ်တို့၏ အပိုင်း
အခြားအားလျော်စွာ ခွါရှဲ ချုပ်ငြိမ်းခြင်းမျှသာ၊
နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်ပါ။

ယင်း သဒ္ဒါရနိရောဓတို့မှ ကြွင်းသော သစ္ခ-
နိရောဓသည်သာ သဒ္ဒါရတို့နှင့်မရောမယှက် သက်
သက် အသီးအခြားဖြစ်သော ပရမတ် လေးပါး
တို့ဝင် တပါးအပါအဝင်ဖြစ်သော သူတော်
ကောင်းတို့သည် လိုလား တောင့်တအပ်သော
နိရောဓသစ္စာ နိဗ္ဗာန်ပင်ဟု သေချာဆတ်ဆတ်
မှတ်ယူအပ်သည်၊ အကြောင်းသော်ကား-ကြွင်း
သော နိရောဓတို့၏ အရတို့သည် သဒ္ဒါရ-သဒ်တ
များ ဖြစ်ကြ၍ ဤသစ္စနိရောဓ၏ အရသည်သာလျှင်
အသဒ်တဖြစ်ခြင်းကြောင့်တည်း။

ထို့ကြောင့် သစ္စယမိုက်ပါဠိတော်၌—

နိရောဓော နိရောဓသစ္စန္တိ။

နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရော-
ဓော၊ နှ နိရောဓသစ္စံ။ နိရောဓသစ္စံ နိရောဓော
စေဝ နိရောဓသစ္စန္တု—

ဟု ဟောတော်မူသည်။

အနက်ကား— နိရောဓော၊ နိရောဓ မည်၏။
နိရောဓသစ္စံ၊ နိရောဓသစ္စာမည်ပါသလော။ ဣတိ
ပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိသော်။
နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ ဌပေတွာ၊ ချန်ထား
၍။ အဝသေသော၊ ကြွင်းသော နိရောဓအမျိုးမျိုး

သည်။ နိရောဓော၊ နိရောဓသော်ကားမည်၏။ နနိရောဓသစ္စံ၊ နိရောဓသစ္စာကားမမည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာသည်။ နိရောဓော စေဝ၊ နိရောဓလည်း မည်၏။ နိရောဓသစ္စဉ္စ၊ နိရောဓသစ္စာလည်း မည်၏။ ဣတိ ဝိဿဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား—နိရောဓမည်လျှင် နိရောဓသစ္စာ မည်ပါသလောဟု မေးလျှင် နိရောဓအမျိုးမျိုးတို့တွင် သစ္စနိရောဓ ဝါ၊ နိရောဓသစ္စာကို ချန်ထား၍ ကြွင်းသော နိရောဓဟူသမျှသည် နိရောဓတော့ မည်ပါသည်၊ နိရောဓသစ္စာတော့ မမည်ပါ။ သစ္စနိရောဓ ဝါ၊ နိရောဓသစ္စာကတော့ နိရောဓလည်း မည်ပါသည်။ နိရောဓသစ္စာလည်း မည်ပါသည်ဟု ဖြေပါလေဟု ဟောတော်မူသည်။

ဤ ပါဠိတော်လာ "အဝသေသော နိရောဓော"၏အရကိုလည်း—

"အဝသေသော နိရောဓောတိ တဒင်ဝိကွမ္ဘနသမုစ္ဆေဒပဋိပဿဒ္ဓိနိရောဓော စေဝ ခဏဘင်္ဂနိရောဓော စ"[၁]—

ဟု အဋ္ဌကထာ၌ ဖွင့်ပြတော်မူသည်။

၁။ ပဋ္ဌပကရဏဋ္ဌကထာ၊ နှာ-၃၁၁။

အနက်ကား—တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒ ပဋိ-ပဿဒ္ဓိနိရောဓော စေဝ၊ တဒင်္ဂနိရောဓ ဝိက္ခမ္ဘန-နိရောဓ သမုစ္ဆေဒနိရောဓ ပဋိပဿဒ္ဓိနိရောဓသည် လည်းကောင်း။ ခဏဘင်္ဂနိရောဓော စ၊ ခဏဘင်္ဂ-နိရောဓသည်လည်းကောင်း။အဝသေသော နိရော-ဓောတိ၊ ကြွင်းသော နိရောဓ မည်၏။

အဓိပ္ပါယ်ကား—ကြွင်းသော နိရောဓဟူသည် တဒင်္ဂနိရောဓ ဝိက္ခမ္ဘနနိရောဓ သမုစ္ဆေဒနိရောဓ ပဋိပဿဒ္ဓိနိရောဓ ခဏဘင်္ဂနိရောဓအားဖြင့် ငါး ပါးပင်ဟု ဆိုလိုသည်။ယင်း ငါးပါးတွင် ခဏဘင်္ဂ-နိရောဓကို "ဥပ္ပါဒခဏဘင်္ဂနိရောဓ, အနုပ္ပါဒခဏ-ဘင်္ဂနိရောဓ နှစ်ပါးခွဲဝေသဖြင့် ခြောက်ပါးဖြစ်လာ သည်၊ သစ္စနိရောဓနှင့် ပေါင်းသော် ခုနစ်ပါးဖြစ် သည်"၊ ထို့ပြင် သစ္စဝိဘင်း မူလဋီကာ၌—

"သခ်ါရနိရောဓော စ နိရောဓသမာပတ္တိ စ နိရောဓော၊ နှ အရိယသစ္စံ"—

ဟု မိန့်ဆိုအပ်သော သညာဝေဒယိတနိရောဓကို ထည့်ပါက နိရောဓ ရှစ်ပါးဖြစ်သည်။

အနက်ကား—သခ်ါရနိရောဓော စ၊ သခ်ါရတို့၏ ချုပ်ခြင်းသည်လည်းကောင်း။ နိရောဓသမာပတ္တိ

စ၊ နိရောဓသမာပတ်သည်လည်းကောင်း။ နိရော-ဓော၊ နိရောဓကား မည်၏။န အရိယသစ္စံ၊ အရိယ-သစ္စာကားမမည်။ အပြေါယ်ပေါ်လွင်၏။

အထက်ပါအတိုင်း ပါဠိအဋ္ဌကထာဋီကာများကို ထောက်ထား၍ သဘာဝဉာဏ် အမြင်မှန်ဖြင့် ဝေဘန်စိစစ်ပါက နိရောဓသစ္စာမှန် မြတ်နိဗ္ဗာန်ကို ဧကန်တိတိ ဟွေ့ရဘိသို့ သိမြင်ရပေလိမ့်မည်။

ဤအရာ၌ နိရောဓသစ္စာသည် နိဗ္ဗာန်၊ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ အရိယသစ္စာသည် နိဗ္ဗာန်၊ နိဗ္ဗာန်သည် အရိယသစ္စာ၊သစ္စနိရောဓသည် နိဗ္ဗာန်၊ နိဗ္ဗာန်သည် သစ္စနိရောဓ-ဟူ၍ မှတ်ကြပါလေ။

နိရောဓသဒ္ဒါ နှစ်ဖြာ ခြားနားခြင်း

နိရောဓအမျိုးမျိုးကိုတွင် သစ္စနိရောဓမှ တပါးသော နိရောဓတို့ကို ဟောသော နိရောဓသဒ္ဒါကို "နိရုဇ္ဈနံ နိရောဓော။ နိရုဇ္ဈနံ၊ ချုပ်ခြင်း ကင်းခြင်း မဖြစ်ခြင်း။ နိရောဓော။ ချုပ်ခြင်း ကင်းခြင်း မဖြစ်ခြင်း"ဟု ဝစနတ္ထပြု၍ အကုသိုလ် စသည်တို့၏ ချုပ်ခြင်း ကင်းခြင်း မဖြစ်ခြင်း ဟူသော အကျိုးတရားကို ကောက်ယူရသည်။

ရာဂကွယော ဒေါသကွယော မောဟကွယော တဏှကွယော အပဝတ္တိ စသည်တို့၌လည်း ထို့အတူ "ခယနံ ခယော။ ခယနံ၊ ကုန်ခြင်း။ ခယော၊ ကုန်ခြင်း။ အပဝတ္တနံ အပဝတ္တိ။ အပဝတ္တနံ၊ မဖြစ်ခြင်း။ အပဝတ္တိ၊ မဖြစ်ခြင်း" စသောအားဖြင့် ဝစနတ္ထပြု၍ ရာဂကုန်ခြင်း ဒေါသကုန်ခြင်း မောဟ ကုန်ခြင်း တဏှာကုန်ခြင်း မဖြစ်ခြင်းစသော အကျိုး တရားကို ကောက်ယူရသည်။

သစ္စနိရောဓ ဝါ နိရောဓသစ္စာကို ဟောသော နိရောဓသဒ္ဒါကိုကား—

"နိရုဇ္ဈန္တိ အနုသယာ ဧတ္ထာတိ နိရောဓော။ နိရုဇ္ဈန္တိ ဝါ အနုသယာ ဧတေနာတိ နိရောဓော။

ဧတ္ထ၊ ဤအသခ်တတရား၌။ အနုသယာ၊ အနုသယကိလေသာတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ အနုသယကိလေသာတို့၏ ချုပ်ရာဖြစ်ခြင်းကြောင့်။ သော အသခ်တဓမ္မော၊ ထိုအသခ်တတရားသည်။ နိရောဓော၊ နိရောဓမည်၏။ ဝါ၊ တနည်းကား။ ဧတေန အသခ်တဓမ္မေန၊ ဤအသခ်တတရားဖြင့်။ အနုသယာ၊ အနုသယကိလေသာတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်

၏။ ဣတိ တသ္မာ၊ ထိသ္ဂိ အနုသယကိလေသာတ္ဂိ၏ ချုပ်ကြောင်း၏ အဖြစ်ကြောင့်။ သော အသခ်တ-ဓမ္မော၊ ထိ အသခ်တတရားသည်။ နိရောဓော၊ နိရောဓမည်၏"။

ဤသ္ဂိ ဝစနတ္ထပြု၍ အနုသယကိလေသာတ္ဂိ၏ ချုပ်ရာ ချုပ်ကြောင်းကို ကောက်ယူရသည်။ ဤဒ္ဒ ချုပ်ရာဟူသည် အသခ်တတရား၌ ချုပ်သည်ကို မဆိုလို၊ အသခ်တတရားကို စွဲ၍ အကြောင်းပြု၍ ချုပ်သည်ကို ဆိုလိုသည်။

ပြဆိုအပ်ခဲ့ပြီးသော ဝစနတ္ထများအရ အကျိုး နိရောဓ, အကြောင်းနိရောဓဟု နှစ်မျိုးရှိရာ အကျိုး နိရောဓသည် နိဗ္ဗာန်မဟုတ်ပါ၊ အကြောင်းနိရောဓ သည်သာ နိဗ္ဗာန်ဖြစ်သည်၊နိဗ္ဗာန်ဟူသည် အပစ္စယ အသခ်တဖြစ်ခြင်းကြောင့် အကျိုးဘက်၌ မည်သည့် အခါမျှ မတည်ရှိပါ၊ အကြောင်းဘက်၌သာ အမြဲ တည်ရှိသည်၊ သ္ဂိသော် ထို ထိသ္ဂိသော ပါဠိအဋ္ဌ-ကထာစသည်တ္ဂိ၌ "ရာဂကုန်ခြင်း ဒေါသကုန်ခြင်း မောဟကုန်ခြင်း တဏှာကုန်ခြင်း မဖြစ်ခြင်းဟူ သော အကျိုးတရားတ္ဂိ၏ ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ တဏှက္ခယ အပဝတ္တစသော အမည် များကို ရာဂကုန်ကြောင်း ဒေါသကုန်ကြောင်း

မောဟကုန်ကြောင်း တဏှာကုန်ကြောင်း မဖြစ်ကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ နိဗ္ဗာန်ကို ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ တဏှာက္ခယ အပဝတ္ထု စသောအားဖြင့်”ဟောကြား ပြဆိုအပ်သော အရာများလည်း ရှိကြသည်၊ ထိုသို့သော အရာများ၌ ဟောကြား ပြဆိုခြင်းသည် မုချအားဖြင့် ဟောကြားပြဆိုခြင်း မဟုတ်ပါ၊ ပရိယာယဖလူပစာရအားဖြင့်သာ ဟောကြား ပြဆိုခြင်းဖြစ်သည်။

ဥပမာ—ထမင်းချက်ပါဟု ပြောဆိုရာ ထမင်းကို ချက်၍ မဖြစ်ပါ၊ ဆန်ကိုသာ ချက်၍ ဖြစ်သည်၊ သို့သော်လည်း “ကျက်ပြီးသော အကျိုးဖြစ်သော ဝတ္ထုဖြစ်၏ ထမင်းဟူသော အမည်ကို မကျက်သေးသော အကြောင်းဖြစ်သော ဆန်ဖြစ်၌ တင်စားလျက် ဆန်ဖြစ်ကို ထမင်းဟု သမုတ်ပြီးလျှင်” ထမင်းချက်ပါဟု ပြောဆိုပါက လောကစကားကို နားလည်ပြီးသူသည် ထမင်းကို ချက်မည်မဟုတ်ဘဲ ဆန်ကိုသာ ချက်မည်ဖြစ်သကဲ့သို့ ထိုအတူ ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ တဏှာက္ခယ အပဝတ္ထု စသော အကျိုးတရားများကို ပရိယာယဖလူပစာရအားဖြင့် နိဗ္ဗာန်ဟု ဟောကြားပြဆိုအပ်

ပါသော်လည်း ဒေသနာနယ၌ ကျွမ်းကျင်လိမ္မာသော ဉာဏ်ရှိသော သူတို့သည် ယင်းရာဂကွယစသည်တို့ကို နိဗ္ဗာန်ဟု မယူဆဘဲ ယင်းတို့၏ အကြောင်းဖြစ်သော ရာဂကုန်ကြောင်း ဒေါသကုန်ကြောင်း မောဟကုန်ကြောင်း တဏှာကုန်ကြောင်း မဖြစ်ကြောင်းဖြစ်သော "အသင်္ခတဓာတ်ပရမတ်ကိုသာလျှင် နိဗ္ဗာန်"ဟု ဧကန်မုချ ယူဆကြပေမည်။

ဒေသနာတော်၏ ဆန်းကြယ်ခြင်း

မြတ်စွာဘုရား၏ ဒေသနာတော်သည် "ဝိစိတြ-နယသမ္ပန္နံ"ဟူသည်နှင့်အညီ အထူးထူးအပြားပြား ဆန်းကြယ်သော နည်းတို့နှင့် ပြည့်စုံတော်မူသည် အားလျော်စွာ—

နိပ္ပရိယာယဒေသနာ၊
သပရိယာယဒေသနာ၊
နီတတ္ထဒေသနာ၊
နေယျတ္ထဒေသနာ၊
ဥဇုကတ္ထဒေသနာ၊
ဝက်တ္ထဒေသနာ၊
ဗျဉ္ဇနဘာသိတတ္ထဒေသနာ၊
သန္ဓာယဘာသိတတ္ထဒေသနာ၊

အတ္တဇ္ဈာသယဒေသနာ၊
ဝေနေယျဇ္ဈာသယဒေသနာ၊
စသောအားဖြင့် များသောအပြားရှိခဲ့၏။

နိပ္ပရိယာယဒေသနာ။ ။ထိုတွင် "နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဝိညာဏံ၊ ထူးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သာ သိအပ်၏။ အနန္တံ၊ ဥပါဒ်စွန်း ဌီစွန်း ဘင်စွန်းမရှိ။ အနိဒဿနံ၊ စက္ခုဝိညာဏ်မြင့် မမြင်အပ်။ သဗ္ဗတော ပဘံ၊ အလုံးစုံအားဖြင့် ထွန်းလင်းတောက်ပ၏[၁]"။ဤသို့စသော ဒေသနာမျိုးသည် ပရိယာယ်မပါ မုချအားဖြင့် ဟောအပ်သော ဒေသနာဖြစ်ခြင်းကြောင့် နိပ္ပရိ-ယာယဒေသနာမည်၏။

သပရိယာယဒေသနာ။ ။"သဥပါဒိသေသနိဗ္ဗာန-ဓာတု၊ ခန္ဓာ အကြွင်းရှိသော နိဗ္ဗာနဓာတ်[၂]။ အနုပါဒိသေသနိဗ္ဗာန-ဓာတု၊ ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်[၃]"။ ဤသို့စသော ဒေသနာမျိုးသည် အကျိုးဖြစ်သော ပရိနိဗ္ဗာန်၏ သဥပါဒိသေသ အနုပါဒိသေသ

၁။ သီလက္ခန္ဓဝဂ္ဂပါဠိ၊ နှာ-၂၁၃။
၂။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၂၉၀။
၃။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၂၉၀။

ဟူသောအမည်ကို အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ ဖလူပစာအားဖြင့် ဟောကြားအပ်သောကြောင့် သပရိယာယဒေသနာမည်၏၊ ဤ၌ နိပ္ပရိယာယ ဒေသနာသည် မုချဒေသနာလည်း မည်၏၊ သပရိယာယဒေသနာသည် ဥပစာရ-ဒေသနာလည်း မည်၏။

နိတတ္ထဒေသနာ။ ။"သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မရိသန္တိ၊ သေကြကုန်လတ္တံ့"။ ဤသို့စသော ဒေသနာသည် တိုက်ရိုက် သိအပ်သော အနက်ရှိခြင်းကြောင့် နိတတ္ထဒေသနာမည်၏။

နေယျတ္ထဒေသနာ။ ။"သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကြကုန်၏"။ ဤသို့စသော ဒေသနာသည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အာဇာနည်များကို ချန်ထား၍ ကြွင်းသော သတ္တဝါများသာ ကြောက်ကြသည်ဟု ဆောင်၍ သိအပ်သော အနက် ရှိခြင်းကြောင့် နေယျတ္ထဒေသနာမည်၏။

ဥဇုကတ္ထဒေသနာ။ ။"အဇာတသတ္တု၊အဇာတသတ်မင်းသည်။ ပိတရံ၊ ခမည်း

တော်ကို။ ဟနတိ၊ သတ်၏"။ ဤသို့စသော ဒေ-သနာသည် အဖြောင့်အားဖြင့် သိအပ်သောအနက် ရှိခြင်းကြောင့် ဥဇုကတ္ထဒေသနာမည်၏။

ဝက်တ္ထဒေသနာ။ ။"မာတရံ၊ အမိကိုဂုင်း။ ပိတရံ၊ အဘကိုဂုင်း။ ဟန္ဒာ၊ သတ်ပြီး၍[၁]"။ ဤသို့စသော ဒေသနာသည် အမိဟုဆိုသော်လည်း အမိစစ်ကို မယူရဘဲ အမိနှင့်တူသော တဏှာကို, အဘဟု ဆိုသော်လည်း အဘစစ်ကို မယူရဘဲ အဘနှင့် တူသော မာနကို ယူ၍ အကောက်အားဖြင့် သိအပ်သော အနက် ရှိခြင်းကြောင့် ဝက်တ္ထဒေသနာမည်၏။

ဗျဥ္ဇနဘာသိတတ္ထဒေသနာ။ ။"ရာဇာ နာမ၊ မင်းမည်သည်။ ပထ-ဗျာရာဇာ၊ မြေအလုံးကို အစိုးရသော မင်းဂုင်း။ ပဒေသရာဇာ၊တစိတ်တဒေသကိုသာ အစိုးရသော မင်းဂုင်း[၂]"။ ဤသို့စသော ဒေသနာသည် သဒ္ဒါသည် ဟောအပ်တိုင်းသော အနက်ရှိခြင်းကြောင့် ဗျဥ္ဇနဘာသိတတ္ထဒေသနာမည်၏။

၁။ ဓမ္မပဒ=ခု-၁၊ နှာ-၅၅။ ၂။ ပါရာဇိကပါဠိ၊ နှာ-၅၇။

သန္ဓာယဘာသိတတ္ထဒေသနာ။ ။“ရာဇာနော၊ မင်း တို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတ္ဝာ၊ ဖမ်းယူ၍ ”။ ဤသို့စသော ဒေသနာသည် မင်းဟုဆိုသော်လည်း မင်းဟူသမျှ ကို မဆိုလိုဘဲ ဗိမ္မိသာရမင်းကိုသာ ရည်ရွယ်၍ ဟော၌အပ်သော အနက်ရှိခြင်းကြောင့် သန္ဓာယ-ဘာသိတတ္ထဒေသနာ မည်၏။

အတ္တဇ္ဈာသယဒေသနာ။ ။“ပဠု၊ ငါးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ သန်း၊ ရှိကုန်၏”။ ဤသို့စသော ဒေသနာမျိုး သည် ဒိမိ၏အလိုအားဖြင့် ဟောအပ်သောကြောင့် အတ္တဇ္ဈာသယဒေသနာမည်၏။

ဝေနေယျဇ္ဈာသယဒေသနာ။ ။“ဥပစယော၊ ဖြစ်ဆဲ။ သန္တတိ၊ ဖြစ်စဉ်”။ ဤသို့စသော ဒေသနာမျိုးသည် ဇာတိရုပ်တခုကို ပင်လျှင် ဝေနေယျတို့၏ အလိုအားဖြင့် နှစ်မျိုး ခွဲဝေ၍ ဟောအပ်သောကြောင့် ဝေနေယျဇ္ဈာ-သယဒေသနာ မည်၏။

၁။ ပါရာဇိကပါဠိတော်၊ နှာ-၅၅။

၂။ ဓာတုကထာပါဠိတော်၊ နှာ-၁။

၃။ ဓမ္မသင်္ဂဏိပါဠိတော်၊ နှာ-၁၆၉။

ဤသို့စသည်ဖြင့် ဆန်းကြယ်များပြားလှ၍ ဒေသနာနယ်၌ အဝါးမဝသူတို့သည် ယထာဘူတကျနမှန်ကန်စွာသိရန်ခဲခက်လှပါသည်။ ထို့ကြောင့် ဒေသနာနယ်၌ လွန်စွာအဝါးဝသော ပညာရှိများထံ နည်းနာခံ၍ မှတ်သားလေ့လာကြပါကုန်၊ ငါတကားဟု မဝါကြွားမိရန် သတိလည်းရှိကြပါကုန်၊ ဤကား ဒေသနာတော် ဆန်းကြယ်ပုံတည်း။

နိဗ္ဗာန်မည်ကြောင်းနှင့် ပရိနိဗ္ဗာန်

နိဗ္ဗာန်ဟု ခေါ်ဆိုကြရာ၌ အဘယ့်ကြောင့် နိဗ္ဗာန်မည်သနည်းဟူမူ— "နိဗ္ဗာတိ ရာဂဂ္ဂိအာဒိကော ဇေတေနာတိ နိဗ္ဗာနံ။ ဇေတေန ဓမ္မဇာတေန၊ ဤအသံတတရားဖြင့်။ ရာဂဂ္ဂိအာဒိကော၊ ရာဂမီးအစရှိသည်သည်။ နိဗ္ဗာတိ၊ ချုပ်ငြိမ်းတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ရာဂမီးအစရှိသည်၏ ချုပ်ငြိမ်းကြောင်းဖြစ်ခြင်းကြောင့်။ တံ ဓမ္မဇာတံ၊ ထို အသံတတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏"။ ဤသို့သော ဝစနတ္ထနှင့်အညီ ရာဂစသောမီးတို့၏ ချုပ်ငြိမ်းကြောင်းဖြစ်ခြင်းကြောင့် နိဗ္ဗာန်မည်သည်ဟု မှတ်ပါလေ။

ဤအရာ၌ ချုပ်ငြိမ်းခြင်းနှင့် ချုပ်ငြိမ်းကြောင်းကို ခြားခြားနားနားသိထားရန် လိုသည်။ "ချုပ်ငြိမ်း

ခြင်းသည် ပရိနိဗ္ဗာန်, ချုပ်ငြိမ်းကြောင်းသည် နိဗ္ဗာန်, ချုပ်ငြိမ်းခြင်းသည် အကျိုး, ချုပ်ငြိမ်းကြောင်းသည် အကြောင်း" ဖြစ်သည်။ ထိုတွင် ချုပ်ငြိမ်းခြင်းဟူသော ပရိနိဗ္ဗာန်သည် ကိလေသပရိနိဗ္ဗာန်, ခန္ဓပရိနိဗ္ဗာန်, ဓာတုပရိနိဗ္ဗာန်-ဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့တွင် အရဟတ္တမဂ်ဉာဏ်ကြောင့် ကိလေသာတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည် ကိလေသပရိနိဗ္ဗာန် မည်သည်။ ယင်းကိုပင် ခန္ဓာငါးပါးအကြွင်းရှိသော ချုပ်ငြိမ်းခြင်း ဖြစ်သောကြောင့် သဥပါဒိသေသပရိနိဗ္ဗာန်ဟု ခေါ်ဆိုရသည်။ ဘုရားရဟန္တာတို့၏ စုတေခြင်းသည် ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း ဖြစ်သောကြောင့် ခန္ဓပရိနိဗ္ဗာန်မည်သည်။ ယင်းကိုပင် ခန္ဓာအကြွင်းမရှိ ချုပ်ငြိမ်းခြင်းဖြစ်သောကြောင့် အနုပါဒိသေသပရိနိဗ္ဗာန်ဟု ခေါ်ဆိုရသည်။

၎င်းအကျိုးဖြစ်သော သဥပါဒိသေသပရိနိဗ္ဗာန်, အနုပါဒိသေသပရိနိဗ္ဗာန်များကိုပင် အကြောင်းဖြစ်သော အသန်းတန်ဗ္ဗာန်၌ တင်စား၍ အသန်းတနိဗ္ဗာန်ကို သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟု ဖလူပစာရအားဖြင့် ဟောကြားအပ်သော အရာများလည်း ရှိသေးသည်။ မူ၍-ဥပစာ-

ဤနှစ်ဖြာကို ကောင်းစွာ သတိရှိကြံပါကုန်၊ သာသနာတော် ကွယ်ရာအခါ၌ ဓာတ်တော်များ ဗောဓိမဏ္ဍိုင်နေရာ၌ စုဝေး၍ တဇောမီးဖြင့် ငြိမ်းခြင်းသည် ဓာတုပရိနိဗ္ဗာန်မည်သည်၊ ဤကား နိဗ္ဗာန်မည်ကြောင်းနှင့် ပရိနိဗ္ဗာန်အကျဉ်းတည်း။

နိဗ္ဗာန်၏ သဘာဝ သဓေ်ပ

နိဗ္ဗာန်ဟူသည် ဥပါဒိ ဒို့ ဘင် မရှိခြင်းကြောင့် ပစ္စုပ္ပန်လည်းမဟုတ် အတိတ်လည်းမဟုတ် အနာဂတ်လည်းမဟုတ် ကာလဝိမုတ်သာ ဖြစ်သည်။ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက-ဟူသော တဆဲ့တပါးသောအပြား မရှိခြင်းကြောင့် ခန္ဓာမဟုတ်၊ ခန္ဓာမှလွတ်၍ ခန္ဓဝိမုတ်ဖြစ်သည်။

ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်း မရှိသောကြောင့် အပစ္စယ၊ ကံ စိတ် ဥတု အာဟာ-ရတို့သည် မပြုပြင်အပ်သောကြောင့် အသင်္ခတ၊ စိတ် စေတသိက် ရုပ်တို့၏ အစုအဝေးဖြစ်သော သတ္တဝါတို့၏သန္တာန်မှ အပဋိဖြစ်ခြင်းကြောင့် ဗဟိဒ္ဓ၊ သာသနာတွင်း, သာသနာပ မည်သည့် ကာလ၌မဆို တည်ရှိခြင်းကြောင့် နိစ္စ-ဓုဝ-

သဿတ၊ ချမ်းသာကြောင်းဖြစ်ခြင်းကြောင့် သုခ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ခြင်းကြောင့် အနတ္တ၊ စက္ခု-ဝိညာဏ်ဖြင့် မမြင်အပ်သောကြောင့် အနိဒဿန၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ယှဉ်သော စိတ်ဖြင့် သာသိအပ်သောကြောင့် မနောဝိညေယျ၊ လုံးရပ် သဏ္ဌာန်ဟန်ပန် မရှိခြင်းကြောင့် အရူပ၊ ဤသို့ စသောအားဖြင့် နိဗ္ဗာန်၏သဘာဝသည် များပြားလှပေသည်၊ ဤကား နိဗ္ဗာန်၏သဘာဝသဒ္ဒါပတည်း။

နိဗ္ဗာန်ရောက်ကြောင်းတရား

ပြဆိုအပ်ခဲ့ပြီးသော သဘောလက္ခဏာနှင့်ပြည့်စုံသော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော တရားများကား အဘယ်တို့ပါနည်းဟူမူ—ဒါန သီလ သမထ ဝိပဿနာ ဘာဝနာစသော ကုသိုလ်တရားဟူသမျှပင်ဟု ဖြေဆိုရာသည်။ မှန်ပါ၏—ယင်း ဒါန သီလစသော ကုသိုလ်တရားဟူသမျှသည် ချွတ်ယွင်းဖောက်ပြန် မမှန်မကန် မကျွမ်းကျင် မလိမ္မာသဖြင့် ပြုလုပ်ဆောင်ရွက် ကျင့်ကြံပါက နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သည် မရှိပါ၊ နိဗ္ဗာန်ရောက်ကြောင်း မဖြစ်သည်ချည်း ဖြစ်ပါသည်၊ မဖောက်မပြန် မှန်မှန်ကန်ကန် လိမ္မာ

ကျွမ်းကျင်စွာ ပြုလုပ်ဆောင်ရွက် ကျင့်ကြံပါက နိဗ္ဗာန်ရောက်ကြောင်း မဖြစ်သည် မရှိပါ။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည် ချည်းသာ ရှိပါသည်ဟု ဇကန်ဆတ်ဆတ် မှတ်ယူအပ်သည်။

ထို့ကြောင့် အင်္ဂုတ္တိရပါဠိတော်၌—

"သေယျထာပိ ဘိက္ခဝေ သာလိသူကံ ဝါ ယဝသူကံ ဝါ မိဆ္ဆာပဏ္ဍိဟိတံ ဟတ္ထေန ဝါ ပါဒေန ဝါ အင်္ဂန်နံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘေစ္ဆတိ၊ လောဟိတံ ဝါ ဥပ္ပါဒေဿတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု၊ မိဆ္ဆာပဏ္ဍိဟိတတ္တာ ဘိက္ခဝေ သူကဿ။ ဧဝမေဝံ ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု မိဆ္ဆာပဏ္ဍိဟိတေန စိတ္တေန အဝိဇ္ဇံ ဘေစ္ဆတိ၊ ဝိဇ္ဇံ ဥပ္ပါဒေဿတိ၊ နိဗ္ဗာနံ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု၊ မိဆ္ဆာပဏ္ဍိဟိတတ္တာ ဘိက္ခဝေ စိတ္တဿ"—

ဟု ဟောတော်မူသည်။

အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ မိဆ္ဆာပဏ္ဍိဟိတံ၊ မှားသောအားဖြင့် အောက်သို့ အဖျားကိုလှည့်၍

၁။ အင်္ဂုတ္တရပါဠိ၊ ပဌမတွဲ၊ နှာ-၇။

ထားအပ်သော။ သာလိသူကံ ဝါ၊ သလေးဆူးကို
လည်းကောင်း။ ယဝသူကံ ဝါ၊ မုယောဆူးကို
လည်းကောင်း။ ဟတ္ထေန ဝါ၊ လက်ဖြင့်သော်
လည်းကောင်း။ ပါဒေန ဝါ၊ ခြေဖြင့်သော်လည်း
ကောင်း။ အင်္ကန်နှံ၊ ဖိအပ်, နင်းအပ်သည်ရှိသော်။
ဟတ္ထံ ဝါ၊ လက်ကိုသော်လည်းကောင်း။ပါဒံ ဝါ၊
ခြေကိုသော်လည်းကောင်း။ ဘောန္တိ၊ ဖောက်ခဲ
လတ္တံ့။ လောဟိတံ ဝါ၊ သွေးကိုလည်း။
ဥပ္ပါဒေဿတိ၊ ဖြစ်စေလတ္တံ့။ ဇုတိ ဧတံ ဌာနံ၊ ဤ
အကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ တံ၊ ထိုသို့
ဖြစ်ခြင်းသည်။ကိဿ ဟေတု၊အဘယ်အကြောင်း
ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။
သူကဿ၊ ဆူးကို။ မိစ္ဆာပဏိဟိတတ္တာ၊ မှားသော
အားဖြင့် ထားအပ်သည်၏ အဖြစ်ကြောင့်တည်း။
ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝံ ခေါ၊ ဤအတူ
သာလျှင်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဝတ၊
စင်စစ်။ မိစ္ဆာပဏိဟိတေန၊ မှားသောအားဖြင့်
ထားအပ်သော။ စိတ္တေန၊ စိတ်ဖြင့်။ အဝိဇ္ဇံ၊
အဝိဇ္ဇာကို။ ဘောန္တိ၊ ဖျက်ဆီးလတ္တံ့။ ဝိဇ္ဇံ၊ ဝိဇ္ဇာ
ဉာဏ်ကို။ ဥပ္ပါဒေဿတိ၊ ဖြစ်စေလတ္တံ့။ နိဗ္ဗာနံ၊
နိဗ္ဗာန်ကို။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့။
ဇုတိ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊မရှိ။

ဘံ၊ ထိုသို့ မရှိခြင်းသည်။ ကိသ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တသ၊ စိတ်ကို။ မိစ္ဆာပဏိဟိတတ္တာ၊ မှားသောအားဖြင့် ထားအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဤကားအနက်။

အဓိပ္ပါယ်အကျဉ်းကား—သေးငယ်လှစွာသော သလေးဆူး မုယောဆူးကိုပင် မှားသောအားဖြင့် အဖျားကိုအောက်သို့လှည့်လျက် မှောက်၍ ထားပြီးလျှင် လက်ဖြင့်ဖိ,ခြေထောက်ဖြင့်နင်းပါက လက်နှင့် ခြေထောက်ကိုလည်းမစူး, သွေးကိုလည်း မထွက် စေနိုင်ဘိသကဲ့သို့ ထို့အတူ ဝဋ်ကိုမြို၍ ဝဋ်သို့သွတ်ပြီးလျှင် ပြုလုပ်ဆောင်ရွက်ကျင့်ကြံပါက မည်သည့် ကုသိုလ်ကမျှ အဝိဇ္ဇာကိုလည်း မဖျက်ဆီးနိုင်၊ ဝိဇ္ဇာမဂ်ဉာဏ်ကိုလည်း မဖြစ်စေနိုင်၊ နိဗ္ဗာန်ကိုလည်း မျက်ဒမှာက်မပြုနိုင်သဖြင့် နိဗ္ဗာန်ရောက်ကြောင်း မဖြစ်နိုင်ဟု ဟောတော်မူလေသည်။

ထိုမှတဖန်—

“သေယျထာပိ ဘိက္ခဝေ သာလိသူကံ ဝါ ယဝသူကံ ဝါ သမ္မာပဏိဟိတံ ဟတ္ထေန ဝါ ပါဒေန ဝါ အင်္ကန်နံ ဟတ္ထံ ဝါ ပါဒံ ဝါ ဘေဒ္ဓတိ၊ လောဟိတံ ဝါ ဥပ္ပါဒေသတိတိ

ဌာနမေတံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု၊ သမ္မာ-
ပဏိဟိတတ္တာ ဘိက္ခဝေ သုကဿ။ ဧဝမေဝံ
ခေါ ဘိက္ခဝေ သော ဝတ ဘိက္ခု သမ္မာ-
ပဏိဟိတေန စိတ္တေန အဝိဇ္ဇံ ဘေဒ္ဓတိ၊ ဝိဇ္ဇံ
ဥပ္ပါဒေဿတိ၊ နိဗ္ဗာနံ သစ္ဆိကရိဿတီတိ
ဌာနမေတံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု၊ သမ္မာ-
ပဏိတတ္တာ ဘိက္ခဝေ စိတ္တဿာ”—

ဟု ဟောတော်မူသည်။

အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ သေယျ-
ထာပိ၊ ဥပမာမည်သည်ကား။ သမ္မာပဏိဟိတံ၊
မဖောက်မပြန် မှန်ကန်စွာထားအပ်သော။ သာလိ-
သုကံ ဝါ၊ သလေးဆူးကိုလည်းကောင်း။ယဝသုကံ
ဝါ၊ မုယောဆူးကိုလည်းကောင်း။ ဟတ္ထေန ဝါ၊
လက်ဖြင့်သော်လည်းကောင်း။ ပါဒေန ဝါ၊ခြေဖြင့်
သော်လည်းကောင်း။ အင်္ကန်နှံ၊ ဖိအပ်, နင်းအပ်
သည်ရှိသော်။ ဟတ္ထံ ဝါ၊ လက်ကိုလည်းကောင်း။
ပါဒံ ဝါ၊ခြေကိုလည်းကောင်း။ဘေဒ္ဓတိ၊ဖောက်ခဲ
လတ္တံ့။ လောဟိတံ ဝါ၊ သွေးကိုလည်း။ ဥပ္ပါ-
ဒေဿတိ၊ ဖြစ်စေလတ္တံ့။ ဣတိ ဧတံ ဌာနံ၊ ဤ
အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တံ၊ ထိုသို့ဖြစ်ခြင်း

၁။ အင်္ဂုတ္တရပါဠိ၊ ပဌမတွဲ၊ နှာ-၇။

သည်။ ကိသ ဟေတု၊ အဘယ်အကြောင်းကြောင့် နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ သူကသ၊ ဆူးကို။သမ္မာပဏိဟိဘတ္တာ၊မဖောက်မပြန် မှန်ကန် သောအားဖြင့် ထားအပ်သည်၏ အဖြစ်ကြောင့် တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝံ ခေါ၊ ဤ အတူသာလျှင်။သော ဘိက္ခု၊ထိုရဟန်းသည်။ ဝတ၊ စင်စစ်။ သမ္မာပဏိဟိတေန၊ မဖောက်မပြန် မှန် ကန်သောအားဖြင့် ထားအပ်သော။ စိတ္တေန၊ စိတ် ဖြင့်။ အဝိဇ်၊ အဝိဇ္ဇာကို။ ဘေဇ္ဇတိ၊ ဖျက်ဆီး လတ္တံ့။ ဝိဇ်၊ ဝိဇ္ဇာဉာဏ်ကို။ ဥပပါဒေသတိ၊ ဖြစ်စေ လတ္တံ့။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရိဿတိ၊ မျက် မှောက်ပြုလတ္တံ့။ ဣတိ ဧတံ ဌာနံ၊ ဤအကြောင်း သည်။ ဝိဇ္ဇတိ၊ ရှိ၏။ တံ၊ ထိုသို့ ရှိခြင်းသည်။ ကိသ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ရဟန်းတို့။ စိတ္တာသ၊ စိတ်ကို။ သမ္မာပဏိဟိတတ္တာ၊ မဖောက်မပြန် မှန်ကန်စွာ ထားအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဤကား အနက်။

အဓိပ္ပါယ်အကျဉ်းကား—သေးငယ်လှစွာသော သလေးဆူး မှယောဆူးကိုပင် မှန်ကန်သောအား ဖြင့် အဖျားကို အထက်သို့လှည့်လျက် လှန်၍ထား

ပြီးလျှင် လက်ဖြင့် ဖို, ခြေထောက်ဖြင့် နင်းပါက လက်နှင့်ခြေထောက်ကိုလည်း စူးနိုင်,သွေးကိုလည်း ထွက်စေနိုင်ဘိသကဲ့သို့၊ ထို့အတူ ဝဋ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ညွှတ်ပြီးလျှင် ဝဋ်ကင်းရာ မဂ် ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ ပြုလုပ်ဆောင်ရွက်ကျင့်ကြံကြိုးကုတ်အားထုတ်ပါက မည်သည့် ကုသိုလ်မဆို အဝိဇ္ဇာကို ဖျက်ဆီးလျက် ဝိဇ္ဇာဉာဏ်ကို ဖြစ်စေ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သဖြင့် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည်သာဟု ဟောတော်မူလေသည်။

ဤပါဠိတော်၌ အဘယ်အကျိုးငှါ သေးငယ်လှစွာသော သလေးဆူး, မုယောဆူးကို ဥပမာအားဖြင့် ယူအပ် ဟောအပ်ပါသနည်းဟူမူ အနည်းငယ်မျှသော ကုသိုလ်သည်လည်း ဝဋ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေခြင်း,ရစေခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကို ပြခြင်းငှါ သေးငယ်လှစွာသော သလေးဆူး,မုယောဆူးကို ဥပမာအားဖြင့် ယူအပ် ဟောအပ်ပါသည်။ ထို့ကြောင့် အဋ္ဌကထာ၌—

"အပ္ပမတ္တကဿာပိ ကုသလဿ ဝိပုလဿ သမတ္ထဘာဝဒဿနတ္ထံ ဂဟိတံ"—

ဟု ဖွင့်ပြတော်မူသည်။

၁။ အင်္ဂုတ္တရဋ္ဌကထာ၊ ပဌမတွဲ၊ နှာ-၄၃။

အနက်ကား – အပ္ပမတ္တကသဿဝိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ကုသလဿ၊ ကုသိုလ်၏။ ဝိဝဋ္ဋာယ၊ ဝဋ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန် အလို့ငှါ။ သမတ္ထဘာဝဒဿနတ္ထံ၊ စွမ်းနိုင်သည်၏ အဖြစ်ကို ပြခြင်းငှါ။ သုခုမံ၊ သိမ်မွေ့သော။ ဒုဗ္ဗလံ၊ အားနည်းသော။ သာလိသူကယဝသူကမေဝ၊ သလေးဆူး မုယောဆူးကိုသာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဂဟိတံ၊ ဥပမာ၏ အဖြစ်အားဖြင့် ယူအပ် ဟောတော်မူအပ်၏။

စိတ်ကို မှန်ကန်စွာ ထားပုံ။ ။ထိုမှတပါးလည်း စိတ်ကို ဖောက်ဖောက်ပြန်ပြန် မမှန်မကန်ထားပုံနှင့်, မဖောက်မပြန် မှန်ကန်စွာ ထားပုံကို ဤသို့ ဖွင့်ပြလေသည်—

“အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တဒါနကုသလံ ဝါ ဟောတု, မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတ္ဝာ ဝဋ္ဋသန္နိဿိတ-ဝသေန မိဿာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာ-ဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။

ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု-တိ ဇဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ၊ အရဟတ္တမဂ္ဂံ ပစ္စေကဗောဓိဉ္ဉာ-

ဏမို့ သဗ္ဗညုတဉ္ဉဏမို့ ဒါတုံ သက္ကောတိ-
ယေဝ”—

ဟု ဖွင့်ပြလေသည်။

အနက်ကား— အပ္ပမတ္တကံ၊ အနည်းငယ်မျှသော။ တိဏမုဋ္ဌိမတ္တဒါနကုသလံ ဝါ၊ အမိုးမြက်တဆုပ်မျှသောဒါနကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ များစွာသော။ ဝေလာမဒါနာဒိကုသလံ ဝါ၊ ဝေလာမပုဏ္ဏားစသောဒါန အစရှိသော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်ဥစ္ဆေပြည့်စုံချမ်းသာခြင်းကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝဋ္ဋသန္နိဿိတဝသေန၊ ဝဋ်ကို မှီသည်၏ အစွမ်းဖြင့်။ မိန္ဆာ၊ ဖောက်ဖောက်ပြန်ပြန် မမှန်သောအားဖြင့်။ သစေ ဌပိတံ ဟောတိ၊ အကယ်၍ စိတ်ကို ထားအပ်သည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ထားအပ်သည်ရှိသော်။ ဝဋ္ဋမေဝ၊ ဝဋ်ကိုသာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်သို့။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ နော သက္ကောတိ၊ မစွမ်းနိုင်။

ပန၊ မဖောက်မပြန် မှန်ကန်စွာ စိတ်ကိုထားပုံကို ပြဆိုဦးအံ့။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤအလှူသည်။

၁။ အဂ်ုတ္တရဋ္ဌကထာ၊ ပဌမတ္ထဲ၊ နှာ၊ ၄၃။

အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါး တို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန် သို့ ပို့ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဇုတိ ဧဝံ၊ ဤသို့။ ဝိဝဋ်၊ ဝဋ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင့်တသဖြင့်။ ဝိဝဋ္ဋဝသေန၊ ဝဋ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်နှင့် စပ်သောအားဖြင့်။ သမ္မာ၊ မဖောက်မပြန်မှန်ကန်စွာ။ သစေ ဌပိတံ၊ အကယ်၍ စိတ်ကို ထားအပ်သည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ထားအပ်သည်ရှိသော်။ အရဟတ္တမ္မိ၊ အရဟတ္တဖိုလ်ကိုလည်းကောင်း။ ဝါ၊ ရဟန္တာ၏အဖြစ်ကိုလည်းကောင်း။ ပစ္ဆေကဗောဓိဉာဏ်ကိုလည်းကောင်း။ သဗ္ဗညုတဉာဏမ္မိ၊ သဗ္ဗညုတဉာဏ်ကိုလည်းကောင်း။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။ ။ဤကားအနက်။

အဓိပ္ပါယ်ကား—အနည်းငယ်သော အလှူပင် ဖြစ်စေ, များစွာသော အလှူပင်ဖြစ်စေ, ဝဋ်ကို တောင့်တ၍ ဝဋ်ကိုမှီပြီးလျှင် မိမိ၏စိတ်ကို ဖောက်ဖောက်ပြန်ပြန် မမှန်မကန် ထားအပ်သည်ရှိသော် ဆူးကို အဖျားကိုအောက်သို့လှည့်၍ ထားခဲ့သော် မစူးဘိသကဲ့သို့ ထိုအတူ ဝဋ်ကင်းရာ နိဗ္ဗာန်သို့

မဆောင်နိုင်၊ ဝဋ္ဌသို့သာ ဆောင်နိုင်သဖြင့် နိဗ္ဗာန်ရောက်ကြောင်းမဖြစ်ပါ။ အကယ်၍ကား ငါ၏အလှူသည် အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ ပို့ဆောင်နိုင်ပါစေဟု ဝဋ္ဌကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ ဝဋ္ဌကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်သောအားဖြင့် မိမိ၏စိတ်ကို မဖောက်မပြန် မှန်ကန်စွာထားအပ်သည်ရှိသော် ရဟန္တာလည်းဖြစ်နိုင်, ပစ္စေကဗုဒ္ဓါနှင့် ဘုရားလည်းဖြစ်နိုင်သဖြင့် နိဗ္ဗာန်ရောက်ကြောင်း စင်စစ်ဧကန် အမှန်ဖြစ်သည်ဟု မုချဆတ်ဆတ် မှတ်ယူအပ်သည် ဟူလိုသည်၊ ဤကား နိဗ္ဗာန်ရောက်ကြောင်း တရားတည်း။

နိဗ္ဗာန်သို့ရောက်ခြင်းနှင့် ရောက်ရာကာလ

နိဗ္ဗာန်သို့ရောက်သည်ဟု ဆိုကြရာ ယင်းနိဗ္ဗာန်သို့ ဘယ်သို့ဘယ်ပုံ ဘယ်နည်းအားဖြင့် ရောက်ပါသနည်း, အဘယ်အခါကာလသမယ၌ ရောက်ပါသနည်းဟူမူ—

"နဟိ ဧတေဟိ ယာနေဟိ ဂစ္ဆေယျ အဂတံ ဒိသံ"[၁]။

၁။ ဓမ္မပဒ၊ နှာ-၅၉။

ဧတေဟိ ယာနေဟိ၊ ဤယာဉ်တို့ဖြင့်။ အဂဘံ၊ မရောက်ဘူးသော။ ဒိသံ၊ နိဗ္ဗာန်တည်းဟူသော အရပ်သို့။ နဟိ ဂစ္ဆေယျ၊ မရောက်ရာဟူ၍ ဟော တော်မူခြင်းကြောင့် ယာဉ်ဖြင့်လည်း မရောက် နိုင်ပါ။

"ဂမနေန နပတ္တဗ္ဗော၊ လောကဿန္တော ကဒါစနံ"[၁]။

လောကဿ၊ လောက၏။ အန္တော၊ အဆုံး ဖြစ်သောနိဗ္ဗာန်သို့။ဂမနေန!သွားသဖြင့်။ကဒါစနံ၊ တရန်တဆစ်မျှ။ နပတ္တဗ္ဗော၊ မရောက်အပ်။

ဤပါဠိတော်အရခြေဖြင့်လည်းမရောက်နိုင်ပါ။

"နဝအာဂတိံ ဝဒါမိ"[၂]။ အာဂတိံ၊ လာခြင်းကို။ နဝ ဝဒါမိ၊ ဟောတော်မမူ။ ဤပါဠိတော်အရ နိဗ္ဗာန်၌ သွားခြင်း ရောက်ခြင်း မရှိခြင်းကြောင့် သွား၍ လည်း မရောက်နိုင်။

၁။ အဂ်ုံတ္တရပါဠိ၊ ပဌမတ္ထဲ၊နှာ-၃၅၉။

၂။ ဥဒါနပါဠိတော်၊ နှာ-၁၇၉။

"နဥပပတ္တိံ ဝဒါမိ"။ဥပပတ္တိံ၊ပဋိသန္ဓေနေခြင်းကို။ နဝဒါမိ၊ ဟောတော်မမူ။ ဤပါဋိတော်အရ နိဗ္ဗာန်၌ ပဋိသန္ဓေမရှိခြင်းကြောင့် ပဋိသန္ဓေအားဖြင့်လည်း မရောက်နိုင်ပါ။

ထိုသို့ယာဉ်စသောအားဖြင့်မရောက်နိုင်ခဲ့သော် အဘယ်သို့အားဖြင့် ရောက်ပါသနည်းဟူမူ၊ အာရုံပြုသောအားဖြင့်သာ ရောက်ပါသည်၊ မှန်လှ၏၊ နိဗ္ဗာန်ဟူသည် သွားအပ်သော ဂန္တဗ္ဗတရားလည်း မဟုတ်ပါ၊ ရောက်အပ်သော ပတ္တဗ္ဗတရားလည်း မဟုတ်ပါ၊ စင်စစ်တမူ—

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ[၂]"—

စသော ဒေသနာတော် အရ မျက်မှောက် ပြုအပ်သော သစ္ဆိကာတဗ္ဗ တရားသာဖြစ်၍ မျက်မှောက် အာရုံပြုသောအားဖြင့်သာ ရောက်သည်ဟူ၍ မှတ်အပ်၏။ ဤ၌ ပရိနိဗ္ဗာန်စံခြင်းနှင့် ယင်း၏ နောက်ကာလကို နိဗ္ဗာန်သို့ ရောက်သည်ဟုဆိုလျှင် မုချမဟုတ် ဥပစာရဟု သေချာဆတ်ဆတ် မှတ်ယူအပ်၏။

၁။ ဥဒါနပါဋိတော်၊ နှာ-၁၇၉။

၂။ ဝိနယမဟာဝဂ္ဂပါဋိတော်၊ နှာ-၁၆။

အဘယ်အခါကာလသမယ၌ နိဗ္ဗာန်သို့ရောက်ပါသနည်းဟူမူ၊ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် နိဗ္ဗာန်ကို အောက်မေ့သော ပုဗ္ဗနိဝါသာနုဿတိ-အဘိညာဏ် ဝင်စားအပ်သော ဖိုလ်စိတ်များဖြစ်ရာကာလ သမယ၌သာ အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ပါသည်။

ထိုမှရှေ့၌လည်းကောင်း, ထိုမှနောက်ဖြစ်သော ပရိနိဗ္ဗာန်စံရာအခါ၌လည်းကောင်း,ပရိနိဗ္ဗာန်စံပြီးသည်မှ နောက်ကာလ၌လည်းကောင်း နိဗ္ဗာန်သို့ရောက်သည်ဟူ၍ မရှိတော့ပါ။ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် စသည်တို့ဖြစ်စဉ်က နိဗ္ဗာန်သို့ရောက်ခဲ့ခြင်း၏ အကျိုးများကို ရယူခံစားခြင်းများသာ ရှိတော့သည်ဟူ၍ မှတ်အပ်၏။ ဤကား နိဗ္ဗာန်သို့ ရောက်ခြင်းနှင့် နိဗ္ဗာန်သို့ ရောက်ရာကာလတည်း။

နိဗ္ဗာန်ချမ်းသာ

နိဗ္ဗာန်ချမ်းသာဟူသည် အဘယ်ပါနည်း။ “နိဗ္ဗာနံ ပရမံ သုခံ” ဟူသော ဒေသနာတော်အရ နိဗ္ဗာန်သည်ပင်လျှင် ချမ်းသာခြင်းပါလော၊ သို့

မဟုတ် ပရိနိဗ္ဗုတမျှား ခံစား, စံစားဘို့ရာ နိဗ္ဗာန်၌ ရရှိအပ်သော ချမ်းသာတမျိုးပါလော၊ သို့မဟုတ် ဘုရားရဟန္တာပုဂ္ဂိုလ်မျှား ပရိနိဗ္ဗာန် စံပြီးသည်မှ နောက်ကာလ၌ ပရိနိဗ္ဗုတမျှား ခံစား,စံစားဘို့ရာ အသီးအခြား ပေါ်ပေါက်၍လာသော ချမ်းသာပါလော ဟူမူ-ဆိုအပ်ပြီးသော ချမ်းသာအားလုံးသည် ရှိလည်း မရှိပါ၊ နိဗ္ဗာန်ချမ်းသာလည်း မဟုတ်ပါ။

၍ပါဦးအံ့—နိဗ္ဗာနံ ပရမံ သုခံ-ဟူသော ပါဠိ၏ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာတည်း ဟူသော အနက်သည် ဥပစာနက်သာဖြစ်သည်၊ မုချနက်မဟုတ်ပါ။ "ဇာတိဝိဒုက္ခာ ဟူသော ပါဠိ၏ ဇာတိဝိ၊ ပဋိသန္ဓေးနခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်းတည်း ဟူသော အနက်သည် ဥပစာနက် ဖြစ်သကဲ့သို့တည်း၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာကြောင်းတည်း ဟူသော အနက်သည်သာ မုချနက် ဖြစ်သည်။ ဇာတိဝိ၊ ပဋိသန္ဓေးနခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲကြောင်းတည်း ဟူသော အနက်သည်သာ မုချနက်ဖြစ်သကဲ့သို့တည်း။

ထို့ကြောင့် နိဗ္ဗာန်သည် ချမ်းသာခြင်းမဟုတ်ပါ၊ ချမ်းသာကြောင်းသာ ဖြစ်သည်။ နိဗ္ဗာန်သည်

အပ္ပတိဋ္ဌ ဖြစ်၍ တည်ရာသဘော မရှိခြင်းကြောင့် ပရိနိဗ္ဗုတများ ခံစား,စံစားဘို့ရာ နိဗ္ဗာန်၌ ရအပ်သော ချမ်းသာလည်း မရှိပါ၊ ဟုတ်လည်း မဟုတ်ပါ။ ပရိနိဗ္ဗုတဖြစ်သော ရုပ်ထူး, နာမ်ထူး, ပုဂ္ဂိုလ်ထူးများ မရှိခြင်းကြောင့် ၎င်းတို့ ခံစား, စံစားဘို့ရာ အသီးအခြား ပေါ်ပေါက်၍လာသော ချမ်းသာလည်း မရှိပါ။မရှိခြင်းကြောင့် နိဗ္ဗာန်ချမ်းသာလည်း မဟုတ်ပါ။

ထိုသို့မဟုတ်က အဘယ်ချမ်းသာသည် နိဗ္ဗာန်ချမ်းသာပါနည်း။နိဗ္ဗာန်ချမ်းသာဟူ၍ပင်မရှိတော့ပြီလောဟူမူ၊ ရှိပါ၏၊ ရှိခဲ့သော် အဘယ်ပါနည်းဟူမူ—"နိဗ္ဗာနတော လဒ္ဓံ သုခံ နိဗ္ဗာနသုခံ"။ နိဗ္ဗာနတော နိဗ္ဗာနာရမ္မဏကရဏတော၊နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့်။ လဒ္ဓံ၊ ရအပ်သော။ သုခံ၊ ချမ်းသာတည်း။ နိဗ္ဗာနသုခံ၊နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် ရအပ်သောချမ်းသာ။ ဤသို့ ဝစနတ္ထပြု၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် အဆက်ဆက်အားဖြင့် ရအပ်သော ဝဋ်ဆင်းရဲဟူသမျှတို့၏ကုန်ဆုံးငြိမ်းအေးခြင်းဟူသော ဥပသမ ချမ်းသာသည်သာလျှင် နိဗ္ဗာန်ချမ်းသာမည်၏ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

ရှင်းလင်းပါဦးအံ့—နိဗ္ဗာန် ချမ်းသာကို လိုလား တောင့်တ၍ ဒါန,သီလ,ဘာဝနာစသော ကုသိုလ် ကောင်းမှု အစုစုတို့ကို ပြုခြင်းကြောင့် အလွန် အားမြှင့် အလွန်မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်နှင့် ပြည့်စုံသော အသံတဝင်တ် နိဗ္ဗာန် မြတ်ကို အာရုံပြု၍ မဂ်အဆင့်ဆင့်အားဖြင့် အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာသည်။ ယင်း အရဟတ္တ မဂ်ဉာဏ်သည်လည်း အလွန်အားမြှင့် အလွန် မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်နှင့် ပြည့်စုံသော နိဗ္ဗာန်ကိုအာရုံပြုရခြင်းကြောင့်အလွန် အားမြှင့် အလွန်မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်နှင့် ပြည့်စုံပြန်သည်။

ယင်းသို့ အလွန်အားမြှင့် အလွန်မြတ်သော တန်ခိုးအရှိန်အစော် အာနုဘော်ရှိသော မဂ် ဉာဏ်၏ ကိန်းအောင်းရာ ခန္ဓာအစဉ်၌ "ကေ-သရာဇာခြင်္သေ့မင်း ကိန်းအောင်းရာ ရွှေဂူတွင်းသို့ မြေခွေးယုတ် မဝင်နိုင်"သကဲ့သို့ ထိုအတူ အလွန် ပူလောင်၍ အလွန်ယုတ်မာညစ်ကျေသော ကိလေ-သာတို့သည် မဖြစ်နိုင်ဘဲ အမြစ်အရင်းပြတ် ချုပ် ငြိမ်းရတော့သည်။

ဤသို့ မဂ်ဉာဏ်၏ အရှိန်အစော် အာနုဘော်ကြောင့် အနုသယကိလေသာများမဖြစ်နိုင်တော့ဘဲ အမြစ်အရင်းပြတ် ချုပ်ငြိမ်းသည်ကို ကိလေသာကို ပယ်သတ်သည်ဟု ခေါ်ဆိုရသည်။ တစုံတခုဖြင့် ပယ်သတ်သည်မဟုတ်ပါ၊ ယင်းကိုပင် ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းခကြောင့် ကိလေသပရိနိဗ္ဗာန်ဟူ၍လည်း ခေါ်သည်။ ခန္ဓာငါးပါး အကြွင်းရှိသော ချုပ်ငြိမ်းခြင်း ဖြစ်ခြင်းကြောင့်။ သဥပါဒိသေသနိဗ္ဗာန်ဟူ၍လည်း ခေါ်သည် ဖလူပစာရအားဖြင့် တင်စား၍ သဥပါဒိသေသနိဗ္ဗာန် ဟူ၍လည်း ခေါ်သည်။

အဝိဇ္ဇာတဏှာ အရင်းခံသော ကိလေသာဝဋ်ကုန်ဆုံးပြီဟူ၍လည်း ဆိုရသည်၊ ယင်းကိလေသဝဋ်၏ ကုန်ဆုံးခြင်းကြောင့် ဘဝများစွာက ပြုလုပ်အပ်ခဲ့သမျှသော ကုသိုလ်ကံ,အကုသိုလ်ကံဟူသော ကမ္မဝဋ်သည်လည်း ရေသောက်မြစ်ပြတ်ပြီးသော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည် အပွင့်အသီးများကို မဖြစ်စေနိုင်ကုန်သကဲ့သို့ ထို့အတူ အကျိုးတရားများကို မဖြစ်စေနိုင်တော့သဖြင့် ကုန်ဆုံးရတော့ပြီ၊ ၎င်းကမ္မဝဋ် ကုန်ဆုံးသဖြင့် ကမ္မဝဋ်ကြောင့် ဖြစ်ပေါ်၍ လာရသော ဇာတိတည်းဟူ

သော ဝိပါကဝဋ်သည်လည်း မငြိုင်းသာ မတင်းသာ ကုန်ဆုံးရရှာတော့ပြီ။

ဤကဲ့သို့ ဇာတိတည်းဟူသော ဝိပါကဝဋ် ကုန်ဆုံးခြင်းကြောင့် ဇာတိကိုမှီ၍ ဇာတိရှိမှ ဖြစ်ကြရသော အိုခြင်း နာခြင်း သေခြင်း စသော ဆင်းရဲအမျိုးမျိုး, ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း, ဖောက်ပြန်ပျက်ယွင်း ပျက်စီးခြင်း စသော ဆင်းရဲအထွေထွေ, အစွဲတို့ကဘေး ဗာဟိရဘေး စသော ဘေးအမျိုးမျိုး, ရန်အမျိုးမျိုး, အန္တရာယ်အမျိုးမျိုး တို့သည် ကုန်ဆုံးချုပ်ငြိမ်းရတော့သည်။

ဤကဲ့သို့ ဆင်းရဲအမျိုးမျိုးတို့၏ ကုန်ဆုံး ချုပ်ငြိမ်းခြင်းသည်ပင်လျှင် "အမှောင်၏ကင်းခြင်းသည် အလင်း ဖြစ်သကဲ့သို့လည်းကောင်း, အပူ၏ ကင်းခြင်းသည် အအေး ဖြစ်ဘိသကဲ့သို့လည်းကောင်း" ဆင်းရဲ၏ ကင်းခြင်း အေးငြိမ်းခြင်းသည်ပင် ချမ်းသာခြင်း မည်ပါသည်၊ ထို့သို့ ဆင်းရဲ၏ ကင်းခြင်း အေးငြိမ်းခြင်းဟူသော ဥပသမချမ်းသာသည်သာလျှင် နိဗ္ဗာန်ချမ်းသာဖြစ်သည်၊ နိဗ္ဗာန်ချမ်းသာဟူ ခေါ်ဆိုရန် အသီးအခြားပေါ်ပေါက်၍ လာသော မည်သည့်ချမ်းသာမျှ မရှိပါ။

ဥပမာဖြင့် ထင်စွာ ပြပါဦးအံ့—တကိုယ်လုံး ကွက်လပ်မရှိအောင် အဖု အပိန့် စသော အမာ ရောဂါများ ပေါက်သဖြင့် နာကျင်ကိုက်ခဲ၍ နေ့မစဲ, ည၌မစဲ အမြဲဆင်းရဲဒုက္ခခံစားရခြင်းကြောင့် တညည်းညည်းတညူညူ ကယ်ပါယူပါတစာစာဖြင့် အော်ဟစ် တမ်းတ၍ နေရသော ဂိလာနဒုက္ခိတ တယောက်သည် ဆေးကောင်း, ဝါးကောင်းကို မှီဝဲရ၍ အနာရောဂါပျောက်ကင်းပါက ဟီး.... အခုမှဘဲ ချမ်းသာတော့သည်ဟု ပြောဆိုရာ ထို ချမ်းသာသည် အဘယ်က လာပါသနည်း၊ ရောဂါ ပျောက်ကင်း ချမ်းသာခြင်းမှ တပါး တခြားက ပေါ်လာပါသလား၊ ရောဂါပျောက်ကင်းချမ်းသာ ခြင်းပင် မဟုတ်ပါလော၊ ထိုအတူ ဝဋ်ဆင်းရဲအမျိုး မျိုးတို့၏ ချုပ်ပျောက် လွတ်ကင်း အေးငြိမ်းခြင်း ဟူသော ဥပသမ ချမ်းသာသည်ပင်လျှင် အလွန် မွန်မြတ်သော အတုမရှိသော အကောင်းဆုံးသော တဏှာမဝင် သူတော်စင်တို့ အလိုရှိအပ်, တောင့်တ အပ်သော နိဗ္ဗာန်ချမ်းသာပင်ဟု သန္နိဋ္ဌာန်ကျစွမ်တ်အပ်၏။

ဤကဲ့သို့သော ဝဋ်ဆင်းရဲအမျိုးမျိုးတို့၏ ငြိမ်း အေးခြင်း ဟူသော ဥပသမ နိဗ္ဗာန်ချမ်းသာစစ်

ချမ်းသာမှန်ကို ဝဋ်ဆင်းရဲအမျိုးမျိုးတို့၏ ဆင်းရဲပုံပူလောင်ပုံ လောင်ကြွမ်းပုံကို မသိမထင် မမြင်ကြကုန်သော ပုထုဇဉ်တို့သည် သိရန် ထင်ရန် မြင်ရန် အလွန်ပင် ခဲယဉ်းလှပေသည်၊ ထို့ကြောင့် ဝဋ်ဆင်းရဲတို့၏ ငြိမ်းအေးခြင်းဟူသော နိဗ္ဗာန်ချမ်းသာကို သိရန် ထင်ရန် မြင်ရန် ဝဋ်ဆင်းရဲအမျိုးမျိုးတို့ကို သိအောင် ထင်အောင် မြင်အောင် ဆင်ခြင်သုံးသပ်ကုန်ရာသည်၊ အဘယ်သို့လျှင် ဆင်ခြင်သုံးသပ်ကုန်ရာသနည်းဟူမူ နည်းအမြွက်မျှ ပြဆိုပါအံ့—

ဝိပါကဝဋ်ဟူသည် ဇာတိပင်တည်း၊ ဇာတိဖြစ်လျှင် ဇရာဗျာဓိစသော ဆင်းရဲအမျိုးမျိုး,ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ စသော ဆင်းရဲ အထွေထွေငရဲဆင်းရဲ တိရစ္ဆာန်ဆင်းရဲ ပြိတ္တာဆင်းရဲ အသုရကာယ်ဆင်းရဲ စသော ဆင်းရဲအဖြာဖြာ, အဇ္ဈတ္တဘေးရန် ဗဟိဒ္ဓဘေးရန် အတန်တန်, ရောဂါအန္တရာယ် အသွယ်သွယ်, နံနက်လင်းသည်မှစ၍ နေဝင်သည်တိုင် ခန္ဓာဝန်ကို ထမ်းဆောင်ပြုလုပ်ရခြင်းဆင်းရဲအဖြာဖြာ စသော ဘေးတွေ ရန်တွေ အန္တရာယ်တွေ အနိစ္စစသော သဒိုရဆင်းရဲတွေ မရေနှိုင်, မတွက်နိုင်, အကြားအလပ်မရှိ များပြားလှပါ

ဘိတကား၊ အဘယ်သောအခါမှ ဤဆင်းရဲတွေမှ ကင်း၍ ချမ်းသာခြင်းကို ရပါမည်နည်းဟု အခါခါ အထပ်ထပ် သုံးသပ်ဆင်ခြင်ပါက သုံးဆယ့်တဘုံ၌ ကြုံကြုံသမျှ ဆင်းရဲချည်းသာဟု သိလာ ထင်လာ မြင်လာလျှင် ဤဆင်းရဲခြင်း၏ ကင်းငြိမ်းခြင်းသည် သာ ချမ်းသာခြင်းဖြစ်မှာပါဘဲဟု ဥပသမ နိဗ္ဗာန် ချမ်းသာသည်လည်း ထင်လာ မြင်လာ ပေါ်လာ ပါလိမ့်မည်။ ထင်အောင် မြင်အောင် ပေါ်အောင် ကြိုးစား၍ ဆင်ခြင်သုံးသပ်ကြပါကုန်။ ဤကား နိဗ္ဗာန်ချမ်းသာ ပြဆိုရာတည်း။

နိဗ္ဗာန်ဝါဒ အမျိုးမျိုး

၁။ နိဗ္ဗာန်ဟူသည် ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း, ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းပင်။

၂။ နိဗ္ဗာန် ဟူသည် ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်ပြုပြီးနောက် ဘာမျှမဖြစ်ဘဲ ရှိခြင်း အဘာဝပင်။

၃။ နိဗ္ဗာန်ဟူသည် ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်စံပြီးနောက်မှ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ စံစားဘိုရာ ပေါ်လာသော သီတိသဘာဝပင်။

၄။ နိဗ္ဗာန်ဟူသည် ဝိပဿနာ အရှိန်အဝါ ကြောင့် ပေါ်လာသော နာမ်ဝိသေသ ရုပ် ဝိသေသပင်။

၅။ နိဗ္ဗာန်ဟူသည် သာသနာတွင်း သာသ, နာပ ဘယ်ကာလမဆို သန္တိလက္ခဏာ အားဖြင့် ထင်ရှားစွာ အမြဲရှိနေသော အသန်တခာတ်ပရမတ်အစစ်ပင်ဖြစ်သည်၊ ဤနိဗ္ဗာန်သည်သာ နိဗ္ဗာန်စစ် နိဗ္ဗာန်မှန် ဖြစ်သည်။ ဤကား နိဗ္ဗာန်ဝါဒအမျိုးမျိုး တည်း။

နိဗ္ဗာန်ဝါဒများကို စိစစ်ခြင်း

၁။ အထက်ပါ ဝါဒငါးမျိုးတို့တွင် ပဌမဝါဒအရ ကိလေသာနှင့် ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းသည် သမ်ိရ သန်တတို့၏ ချုပ်ငြိမ်းခြင်း, အကျိုး နိရောဓမဖြစ်ခြင်းမျှသာဖြစ်၍ အသန်တခာတ် နိဗ္ဗာန်မြတ်နှင့်ဆန့်ကျင်ခြင်းကြောင့် မသင့်ပါ။

၂။ ဒုတိယဝါဒအရ ဘာမျှမရှိခြင်းဟူသော အ-ဘာဝသည် ပညတ်ဖြစ်၍ ပရမတ် နိဗ္ဗာန်မြတ် နှင့် ဆန့်ကျင်ခြင်းကြောင့် မသင့်။

၃။ တတိယဝါဒအရ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ စံစား ဘို့ရာ ပေါ်လာသော သီတိသဘာဝဟူသည် ပရိနိဗ္ဗုတပုဂ္ဂိုလ်မျိုး မရှိသည့်ပြင် ပေါ်လာ၏ ဟူသည် အနိစ္စဖြစ်၍ နိစ္စနိဗ္ဗာန်မြတ်နှင့် ဆန့် ကျင်ခြင်းကြောင့် မသင့်။

၄။ စတုတ္ထဝါဒအရ ဝိပဿနာဒုရိန်အဝါကြောင့် ပေါ်လာက အနိစ္စဖြစ်သည့်ပြင် နာမ်ဝိသေသ ရုပ်ဝိသေသဟူ၍လည်း မရှိသဖြင့် နိစ္စဖြစ်၍ ပရမတ်ဝိသေသဖြစ်သော နိဗ္ဗာန်နှင့် ဆန့်ကျင် ခြင်းကြောင့် မသင့်။

၅။ ပဉ္စမဝါဒသည်သာ သုတ္တန် အဘိဓမ္မာ နှစ်ဖြာ တို့နှင့် ညီညွတ်၍ ဆန့်ကျင်ဘက်ကင်း သန့် ရှင်းသောဝါဒဖြစ်ခြင်းကြောင့် သင့်မြတ် မှန် ကန်သည်။ ဤကား စိစစ်ခြင်းတည်း။

ကျက်မှတ်ဆောင်ထားရန်

အတိဂန္ဓီရ၊ ဒုဒ္ဒသဟု၊ မိန့်ဟထုတ်ပြန်၊ ဤ နိဗ္ဗာန်ကား၊ ရောက်ရန်ကိုထား၊ ပိုင်းခြားခြား ဖြင့်၊ မှတ်သားဘို့ရာ၊ ခက်လှပါ၏။ မဟာ ကရုဏာ၊ ဉာဏအရှင်၊ တို့ဘခင်လည်း၊ မျှားဖျင် လှစွာ၊ ဝေနေယျာ၏၊ အဇ္ဈာသယ၊ ယွင်းမခွ

အောင်၊ နိတအတ္ထာ၊ နေယျတ္ထာနှင့်၊ ဝက်ာ
အတ္ထ၊ ဥဇုကပြင်၊ မုချဥပစာ၊ ဗျဥ္ဇနာဟု၊
သန္ဓာဘာသိ၊ အစရှိသော၊ တိကျလှသား၊
နည်းစုံများဖြင့်၊ ဆန်းပြားလှစွာ၊ ဟောခဲ့ရာ
ကြောင့်၊ ပညာပိန်ပါး၊ နည်းနာရှားသည့်၊
အများတို့မှာ၊ ခွင့်မသင့်၍၊ ယထာဘူတ၊ မှန်
မရဘဲ၊ အန္ဓအကန်း၊ ဆင်ကိုစမ်းသို့၊ စွဲလမ်း
မိရာ၊ ယူမိရာဖြင့်၊ ခန္ဓာငြိမ်းချုပ်၊ ကိလေချုပ်ကို၊
အဟုတ်လိုလို၊ နိဗ္ဗာန်ဆို၏၊ ထိုသို့ဆိုက၊ သဒ်တ
မို့၊ အသဒ်တာ၊ ဆန့်ကျင်ပါ၏။ တဖြာထိမှ၊
အဘာဝကို၊ နာမခေါ်ဝှင်၊ နိဗ္ဗာန်ပင်ဟု၊
ဆိုချင်တုံက၊ ပညတ္တာနှင့်၊ ပရမတ္ထနိဗ္ဗာန်၊ မလျော်
ပြန်ခဲ့။ တဖန်နောက်ခါ၊ နိဗ္ဗုတၱိတို့၊ စံရာဘို့ပေ၊
ပေါ်လာချေဟု၊ ဆိုလေတုံက၊ နိဗ္ဗုတလျှင်၊
မြှုမျှမရှိ၊ ယုန်ငယ်၏ချို၊ ချွန်၏ဆိုသို့၊ အပိုစကား၊
အလွန်မှား၏။ ပွါးများဘဝနာ၊ ရှိန်အဝါ
ကြောင့်၊ ပေါ်လာဆိုက၊ အနိစ္စမို့၊ နိစ္စနိဗ္ဗာန်၊
ဆန့်ကျင်ပြန်၏။ ဇကန္တမာ၊ သာသနာ၏၊
နှစ်ဖြာတွင်းပ၊ ဘယ်ကာလမှ၊ ကင်းပမရှိ၊
အမြဲရှိသည့်၊ သန္တိလက္ခဏ၊ သဘာဝသာ၊
ဗုဒ္ဓမြတ်စွာ၊ အရိယာတို့၊ လိုရာအမှန်၊ မြတ်
နိဗ္ဗာန်ဟု၊ သန္ဓိဋ္ဌာန်ကျ၊ မှတ်ယူကြလော့။ ထိုမှ

တဖြာ၊ ဆိုဘွယ်ရာကား၊ ဇရာ ဗျာဓိ၊ အစရှိသည့်၊ ဇာတိမှိကာ၊ ပေါ်ပေါက်လာသော၊ များစွာခပင်း၊ ဆင်းရဲခြင်း၏၊ ငြိမ်းခြင်းကိုလျှင်၊ ဘုရားရှင်၏၊ အစဉ်ထုတ်ပြန်၊ သရုပ်မှန်သော၊ နိဗ္ဗာန်ချမ်းသာ၊ မှတ်ယူရာ၏။ တဖြာဉာဏ်ဦး၊ တဏှာပူးကြောင့်၊ ရုပ်ထူးနာမ်ထူး၊ ပုဂ္ဂိုလ်ထူးတို့၊ ရှင်မြဲဘို့ရာ၊ ပေါ်ပေါက်လာသော၊ ချမ်းသာတမျိုး၊ ရှိစေနိုးဟု၊ မြော်ကိုးပါက၊ ပဟာသဟု၊ ခေါ်ထနတ်ပြည်၊ ရောက်ရန်ရည်၍၊ ကြည်ကြည်ရှင်ရှင်၊ ကပ္ပယဉ်သော၊ သဘင်သည်များ၊ အရောက်မှားသို့၊ များပြားစွာလှ၊ ဝဋ်ဒုက္ခမှ၊ လွတ်ကြပါရန်၊ ရည်စိတ်သန်လည်း၊ ဖန်ဖန်ဝဋ်တွင်း၊ ပြန်ကာဆင်းလိမ့်။ မယွင်းအမှန်၊ မြတ်နိဗ္ဗာန်နှင့်၊ နိဗ္ဗာန်ချမ်းသာ၊ ဤနှစ်ဖြာကို၊ သိပါစေသား၊ နှစ်လုံးထားလျက်၊ မှတ်သားနာခံ၊ နည်းနာခံ၍၊ ဖန်ဖန်ပွါးများ၊ လွန်နာကြားမှ၊ ခြားနားပိုင်စွာ၊ သိနိုင်ပါသည်၊ သဒ္ဓါရှေ့သွား ရှိစေတည်း။

နိဂုံး-စသည်

(၁) သ်ရီခေတ္တာပုရေ ရမ္မေ၊
ဇောတိကာရာမနာမကေ။
ဆာယူဒကေဟိ သမ္ပုဏ္ဏေ၊
အာဝါသာဒိကသောဘိတေ။

(၂) ဝသတာ ဇာတိယာ အဋ္ဌ၊
သတ္တာတိနုပသမ္ပဒါ။
အဋ္ဌပဏ္ဏာသဝဿေသု၊
ကတော နိဗ္ဗာနဇောတိကော။

(၃) နိဋ္ဌံ ဂတော တလာဗန္ကေ၊
ဒုရာသဋ္ဌသ ဂိမ္ဟကေ။
ပထမေ ဇုဏ္ဟပက္ခသ၊
သုက္ကဝါရပုဗ္ဗဏ္ဟကေ။

(၄) ယထာ အယံ ဂတော နိဋ္ဌံ၊
အာဘယော နိရုပဒ္ဒဝေါ၊
တထာ ပပ္ပေါန္တု၊ ကိစ္စာနိ၊
အနဝဇ္ဇာနိ သာဓုနံ။

(၅) ဣမိနာ ပုညကမ္မေန၊
ဘဝေယျံ ဒသဉ္ဇဏိကော။
သတသဟဿိကေ ကာလေ၊
ပူရိတော သဒ္ဓသဒ္ဓိကော။

(၆) ယာဝ တိဋ္ဌတိ နိဗ္ဗာနံ၊
တာဝ တိဋ္ဌတုယံ ဂန္ထော။
လောကမှိ သဗ္ဗသတ္တာနံ၊
ဒဿယန္တောဝ နိဗ္ဗာနန္တိ။

(၁) ရမ္မေ၊ မ္ဂေလျော်ဘွယ်ရာ လွန်သာယာသော။ သ်ရီခေတ္တပုရေ၊ သိရီခေတ္တရာ သညာမချို သားရေမြို့၌။ ဝါ၊ သ်ရီခေတ္တရာ သညာမချို ပြုတို့မြို့၌။ ဝါ၊ သ်ရီခေတ္တရာ သညာမချို မြတ်ပြည်မြို့၌။ ဆာယူဒကေဟိ၊ နားရာ ခိုရာ သောက်ချိးရာဘို့ လွန်စွာလျော်ပေ အရိပ်ရေတို့နှင့်။ သမ္ပုဏ္ဏေ၊ ချမ်းမြေ့ဘွယ်ရာ ပြည့်စုံစွာထသော။ အာဝါသာဒိ-ကသောဘိတေ၊ ကျောင်းသိမ်စသည် အလီလီတို့ဖြင့် ရွှင်ကြည်ဘွယ်ရာ တင့်တယ်စွာထသော။ ဇောတိကာရာမနာမကေ၊ ဇောတိကာရုံ ခေါ်တုံ သမိုက် ပါဋ္ဌိတက္ကသိုလ်ကျောင်းတိုက်၌။

(၂) ဝသတာ၊ လေးဣရိယ နှစ်ဓူရဖြင့် မျှတလျက်သာ နေထိုင်ပါသော။ ဇာတိယာ၊ ထင်ထင်

ရှားရှား ဖွားသောအားဖြင့်။ အဌသတ္တတိနာ၊ ခုနစ်ဆယ့်ရှစ် နောက်ပိုင်းနှစ်သို့ ရောက်လစ်ပြီး ထသော။ ဥပသမ္ပဒါ-ဥပသမ္ပဒါယ၊ မြတ်သည့် အဖြစ် ဂုဏ်အနှစ်သို့ သစ်သစ်ငွါးငွါး ရောက်သော အားဖြင့်။ အဌပဏ္ဍာသဝဿေန၊ ငါးဆယ့်ရှစ်ဝါ ရပြီးစွာထသော။ မဟာထေရေန၊ သက်တော် မနည်း မထေရ်ကြီးသည်။ နိဗ္ဗာနဇောတိကော၊ နိဗ္ဗာန်အမြတ် ထွန်းပြတတ်ကြောင့် နိဗ္ဗာန-ဇောတိကမည်သော ကျမ်းကို။ ကတော၊ မသိ သူများ ညှာသနား၍ ရေးသားပြုစုအပ်ပြီ။

(၃) အယံ ဂန္ထော၊ နိဗ္ဗာနဇောတိက နာမ တင့်တယ် ဤကျမ်းငယ်သည်။ တလာဗက္ကေ၊ တထောင့်သုံးရာ သုံးခြောက်သာလစ် သက္ကရာဇ်၌။ ဂိမှကေ၊ နွေခါကာလ သမယ၌။ ဒုရာသဋ္ဌသ၊ အာသဋ္ဌီခို ဒုဝါဆိုဏ်၊ ဇုဏ္ဍပက္ခသ၊ လရောင် ထွန်းပ ဆန်းပက္ခတွင်။ ပထမေ၊ ရှေးဦးအစ ပထမထွက်လစ် တရက်ဖြစ်သော။ သုက္ကဝါရ-ပုဗ္ဗဏ္ဍကေ၊ သောကြာနေ့မှာ နံနက်ခါ၌။ နိဋ္ဌံ၊ နိဂုံးမယွင်း ပြီးဆုံးခြင်းသို့။ ဂတော၊ အန္တရာယ် မနှောက် ရန်စွယ်ပျောက်သဖြင့် ရောက်ခဲ့လေပြီ။

(၄) အယံ ဂန္ဆော၊ နိဗ္ဗာနဇောတိက နာမ တင့်တယ် ဤကျမ်းငယ်သည်။ အဘယော၊ ဘေး ဘျမ်းမခ အေးချမ်းလှသည်။ နိရုပဒ္ဒဝေါ၊ ရောဂါ ကင်းဘိ ရန်မရှိသည်။ ဟုတ္ဆာ၊ ဖြစ်၍။ နိဋ္ဌံ၊ နိဂုံး မယွင်း ပြီးဆုံးခြင်းသို့။ ဂတော ယထာ၊ ရောက် လေပြီးသကဲ့သို့။ တထာ၊ ထို့အတူ။ သာဓုနံ၊ ကောင်းရာပြုငြား ကောင်းစကားပြော ကောင်း သဘောကြံ ကောင်းမှုမှန်က ကောင်းရန်စုဆောင်း သူတော်ကောင်းတို့၏။ အနဝဇ္ဇာနိ၊ အကျိုးသာရှိ ပြစ်မငြိကုန်သော။ ကိစ္စာနိ၊ ပြုပြုသမျှ ကောင်းကိစ္စ တို့သည်။ နိဋ္ဌံ၊ မချိုမယွင်း ပြီးဆုံးခြင်းသို့။ ပပ္ပေါန္တု၊ မလွဲမသွေ ရောက်ကြပါစေကုန်သတည်း။

(၅) ဣမိနာ ပုညကမ္မေန၊ ဤသို့ စီမံ ကောင်းမှု ကံကြောင့်။ သဒ္ဓသဒ္ဓိကော၊ သဒ္ဓါတရား တဖွား ဖွားဖြင့် များထက်လွန်ဘိ ဖြစ်ပေါ်ခြင်းရှိသည်။ ဟောန္တော၊ဖြစ်လျက်။သတသဟဿိကေ ကာလေ၊ အာယုကပ္ပ သိန်းကာလ၌။ ပူရိတော၊ အဘိနီဟာရ စုံပြည့်ဝသည်။ ဟုတ္ဆာ၊ ဖြစ်၍။ ဒသဉ္ဉဏိကော၊ ဆယ်ပါးဉာဏ်နှင့် ဧကန်တိ,တိ ပြည့်စုံခြင်းရှိသည်။ ဘဝေယျံ၊ ဖြစ်ရပါလို တောင်းဆုဆို၏။

(၆) နိဗ္ဗာနံ၊အသင်္ခတမဂတ် နိဗ္ဗာန်မြတ်သည်။ ယာဝ၊ အကြင်မျှလောက်။ တိဋ္ဌတိ၊ သဘာဝညီ အမြဲတည်၏။ တာဝ၊ ထိုမျှလောက်။ အယံ ဂန္ဆော၊ နိဗ္ဗာနဇောတိက နာမတင့်တယ် ဤကျမ်းငယ် သည်။ လောကမှိ၊ သုံးပါးဘဝ သုံးလောကဌ်။ သဗ္ဗ-သတ္တာနံ၊ လုံးစုံများစွာ သတ္တဝါတို့အား။ နိဗ္ဗာနံ၊ ပရမတ်မှန် မြတ်နိဗ္ဗာန်ကို။ ဒဿယန္တော ဝ၊ ဆိုင်ရာ သဘော ထိုင်ကာဟောသို့ စောကြောကင်းကွာ ပြုလျက်သာလျှင်။ တိဋ္ဌတု၊ တဆင့်တဆင့် မြင့်ထက် မြင့်၍ သင့်တင့်လှစွာ တည်ပါစေသတည်း။ ဇုတိ၊ ဤသည်လျှင် နိဂုံးစစွာ အဖြာဖြာကို ဆိုရာစကား ရပ် အပြီးသတ်တည်း။

နိဗ္ဗာနဇောတိကကျမ်း
ပြီးပြီ။

ခမ္မဒါနအလှူရှင် စာရင်း

၁။ ဦးကျော်မြင့်-ဒေါ်ခင်သိန်း ဆန်းသစ်လှင်ရွှေဆိုင်
လမ်းမတော်-ပြည်မြို့ ၅၀၀-၀၀

၂။ ဦးခွန်မောင်-ဒေါ်ညိမလေး သားသမီးတစု
ညောင်စင်တန်းလမ်း-ပြည်မြို့ ၂၀၀-၀၀

၃။ ဦးစစ်တွေ-အဘိဓမ္မာဆရာနှင့်
သင်တန်းသားများ ၁၀၀-၀၀

၄။ ဦးကျော်နှင့် သားသမီးများ အောင်ချမ်းသာ
ရတနာဆိုင် ဗိုလ်ချုပ်စျေး ရန်ကုန်မြို့ ၂၀၀-၀၀

၅။ ဦးထွန်း-ရွှေပန်းထိမ်ဆရာ လက်သမားလမ်း
ပြည်မြို့ ၁၀၀-၀၀

၆။ ဦးခင်စိုး-ဒေါ်စန်းကြည် ၁၉၁-ရွှေဘုံသာလမ်း
ရန်ကုန်မြို့ ၃၀၀-၀၀

၇။ ဦးထွန်းစိန်-ဒေါ်စိန်ခင် မိသားစု ၁၉၅-ဘိုလိန်းလမ်း
ရန်ကုန်မြို့ ၂၅-၀၀

၈။ ဦးတင်-ဒေါ်ဘီ ၂၇၉-အနော်ရထာလမ်း
ရန်ကုန်မြို့ ၂၅-၀၀

ဓမ္မဒါနအလှူရှင် စာရင်း

၉။ ဦးလှပို-ဒေါ်သန်းသန်း မိသားစု
မောင်မော်ဘထူးသား တူရိယာ အနောက်ဘက်တန်း
ဗိုလ်ချုပ်စျေး ရန်ကုန်မြို့ ၂၅-၀၀

၁၀။ ဦးအေးမြင့်-ဒေါ်ပြုံး မိသားစု ၂၇၀-ဘိုလိန်းလမ်း
ရန်ကုန်မြို့ ၃၇-၅၀

၁၁။ ဦးကျော်မောင်-ဒေါ်အေးသန်း ၂၃၈၊ လမ်း-၃၀
ရန်ကုန်မြို့ ၅-၀၀

၁၂။ ဦးဘို-ဒေါ်အေးအေး ၁၈၆-မောင်ထော်လေးလမ်း
ရန်ကုန်မြို့ ၁၀၀-၀၀

၁၃။ ဦးကျော်သောင်း-ဒေါ်မျိုးသိမ့် သားသမီးများ
၈၂-အင်းယားလမ်း-ရန်ကုန်မြို့ ၃၂၅-၀၀

၁၄။ ဦးကွန်းရွှ-ဒေါ်ခင်အေး သားသမီး မြေးများ
၃၄-အင်းယားမြို့ပေါ်လမ်း ရန်ကုန်မြို့ ၂၅၀-၀၀

၁၅။ ဦးအောင်ကြည် - ဒေါ်ခင်နု–ဝင်းကဖီး ၂၀၃၊
ဘိုးလိန်းလမ်း၊ ရန်ကုန်မြို့ ၂၅-၀၀